မြန်မာ့အလင်း
၁၇၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၉)

# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

နေပြည်တော် မေ ၂၁

**တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟို ကော်မတီ ဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီ နှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော် အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက က အဖွင့်အမှာစကား ပြောကြားရာတွင် လာမည့် ဇွန် ၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ဒုတိယပုံမှန်အစည်းအဝေး၊ တတိယပုံမှန်အစည်းအဝေးကို ကျင်းပပြုလုပ်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက လွှတ်တော်ပြက္ခဒိန် လျာထားထုတ်ပြန်ထားပြီး သက်ဆိုင်ရာ အဖွဲ့အစည်း များကို ကြိုတင်သိရှိနိုင်အောင် ပေးပို့ထားရှိပြီး ဖြစ်ပါ ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏

*စာမျက်နှာ ၃ ကော်လံ ၁* ❑



လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဇတ်စရာ

**ရင်သွေးငယ်များ အနာဂတ်ဘဝလှပဖို့ ကျောင်းအပ်နှံကြစို့** ဆောင်းပါး စာ ၆




**မြူနီစီပယ်စနစ်၏ သမိုင်းခရီးစဉ်နှင့် မြို့ပြ ဆင့်ကဲပြောင်းလဲမှု** ဆောင်းပါး စာ ၁၀

**၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်** ပြည်တွင်းသတင်း စာ ၈

**ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ရောက်ရှိ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စွာ ကြိုဆို** ပြည်တွင်းသတင်း စာ ၁၂

**အမြင့်ဆုံး နေ့အပူချိန်များ** (၂၁ - ၅ - ၂၀၂၆)

| | | |
|---|---|---|
| မြင်းမူမြို့ | ၄၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၁ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၄၁ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦးမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |



## အဖိုးတန် ရေချိုအရင်းအမြစ်များ မပျက်မစီးရန် ထိန်းသိမ်းစောင့်ရှောက်

ရေသည် လူတိုင်းနေ့စဉ်သုံးစွဲရန် လိုအပ်သည့် မရှိမဖြစ် သယံဇာတဖြစ်သည်။ ရေသည်လွန်စွာအဖိုးတန်သည့် အရင်းအမြစ်တစ်ခုဖြစ်သည့်အလျောက် ရေအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်ဆုံးရှုံးမှု မဖြစ်စေရန် စနစ်တကျ ထိန်းသိမ်း၍ အကျိုးရှိရှိ အသုံးပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသော နိုင်ငံဖြစ်ပြီး အဓိကမြစ်ကြီးလေးသွယ်နှင့် မြစ်ချောင်းများမှ နှစ်စဉ် ရေချိုကေပေ သန်း ၈၀၀ ကျော်စီးဆင်းလျက်ရှိသည်။ သဘာဝမြစ်ချောင်းများမှ ရေကောင်းရေသန့်ရရှိနိုင်မှု ပမာဏသည် အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှားပြီးလျှင် ဒုတိယအများဆုံးဖြစ်ပြီး အာရှနိုင်ငံများထဲတွင် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် ပြီးလျှင် ပဉ္စမအဆင့်တွင် ရှိသည်။ တစ်ကမ္ဘာလုံး ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိခြင်းကြောင့် ရေချိုပေါများသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မြစ်ချောင်းများမှ စီးဆင်းလျက်ရှိသည့် ရေချိုပမာဏ၏ ၅ ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေ၊ အိမ်သုံးရေနှင့် စက်မှုသုံးရေအဖြစ် သုံးစွဲနိုင်သေးခြင်းကြောင့် နိုင်ငံ၏ ရေသယံဇာတကို အကျိုးရှိစွာ သုံးစွဲနိုင်ရန် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် သဘာဝရေအရင်းအမြစ် ကြွယ်ဝသည်ဟုဆိုသော်လည်း ခြောက်သွေ့ရာသီသို့ ရောက်ရှိသည်နှင့် သောက်သုံးရေ မလုံလောက်သည့် ရပ်ရွာဒေသများ ရှိနေသည်။ အထူးသဖြင့် မိုးနည်းရေရှား အပူပိုင်းရပ်ဝန်းဒေသများတွင် ရေအခက်အခဲများ ရှိနေကြသည်။ ရေရှားပါးမှုဖြစ်စေသည့် အကြောင်းအရာများမှာ ရာသီဥတုပြောင်းလဲမှုနှင့် လူတို့၏ မဆင်မခြင် ပြုလုပ်မှုတို့ကြောင့် ရေထွက်များ၊ မြစ်ချောင်း အင်းအိုင်များ စသည့်ရေအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်သွားခြင်း၊ ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများနှင့် သဘာဝသစ်တောများ ပြုန်းတီးခြင်း၊ ဒေသစိမ်းလန်းစိုပြည်မှု ကင်းမဲ့ခြင်း စသည့်သဘာဝ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများနှင့် ဆက်စပ်လျက်ရှိသည်။

ရေအရင်းအမြစ်များ တစ်နည်းနည်းဖြင့် လျော့နည်းလာခြင်းက ၎င်းရေအရင်းအမြစ်ကို မှီခိုနေကြရသည့် ဒေသခံပြည်သူတို့၏ ရှင်သန်နေထိုင်ရေးနှင့်ကျန်းမာရေးတို့အပေါ်တွင် တိုက်ရိုက်ထိခိုက်မှု ဖြစ်ပေါ်စေပြီး စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်လူမှုစီးပွားဘဝများကိုလည်း ဆိုးကျိုးများ သက်ရောက်စေသည်။ နိုင်ငံတော်အစိုးရသည် ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေ သွယ်တန်းပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ဆည်တာတမံများ ဆောက်လုပ်၍ ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးခြင်း စသည်ဖြင့် ရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေအရင်းအမြစ်များ လျော့နည်းလာခြင်းက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတို့ကို အကြောင်းခံ၍ ဖြစ်ပေါ်လာရခြင်းဖြစ်ရာ သဘာဝသစ်တောများ စဉ်ဆက်မပြတ်ရှင်သန်တည်ရှိနေစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်စေရန် သစ်ပင်သစ်တောများ စိုက်ပျိုးပြုစုခြင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းခြင်း စသည့်နည်းလမ်းများဖြင့် ရေရှည်ပြန်လည်ကုစားကြရမည်ဖြစ်သည်။

ယခုနှစ်သည် ကမ္ဘာတစ်ဝန်းတွင် ပြင်းထန်သည့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မည့်အလားအလာများ မြင့်မားလျက်ရှိရာ မကြုံစဖူး ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ကြရန်လိုသည်။ အထူးသဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေတို့အတွက် ရေကို စနစ်တကျ သုံးစွဲခြင်း၊ မိုးရေကို ရသမျှ စုဆောင်းသိုလှောင်ခြင်း၊ မြေအောက်ရေကို လိုသလောက်သာ ထုတ်ယူခြင်း၊ စိုက်ပျိုးရေကို အစက်ချစနစ်၊ ရေပိုက်သွယ်တန်း အသုံးပြုသည့်စနစ်တို့ဖြင့် အကျိုးရှိစွာသုံးစွဲခြင်း စသည်ဖြင့် ရေကို စနစ်တကျ စီမံခန့်ခွဲကြရမည်ဖြစ်သည်။ ပူပြင်းသည့် နွေကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် ရေအခက်အခဲအပြင် အယ်လ်နီညို ရာသီဥတုအခြေအနေ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပူပြင်းခြောက်သွေ့မှုနှင့် မိုးနည်းရေရှားမှုတို့အတွက်ပါ ကြိုတင်ပြင်ဆင်ကြရာတွင် စုပေါင်းဆောင်ရွက်ကြရန်လိုသည်။

ရေသည် မရှိမဖြစ် အလွန်အရေးကြီးပြီး အဖိုးတန်သည့် သယံဇာတ ဖြစ်သော်လည်း လူအများက ပေါများသည်ဟု ထင်မြင်ယူဆခံရသည့် သဘာဝအရင်းအမြစ်ဖြစ်သည်။ ရေကို အကျိုးရှိစွာ သုံးစွဲမှုမပြုဘဲ လေလွင့်ပြုန်းတီးစေခြင်း၊ မဆင်မခြင် သုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်သည့်အပြင် နောင်လာမည့် အနာဂတ် သားစဉ်မြေးဆက်အထိ မတောင့်မတ မကြောင့်မကြ သုံးစွဲနိုင်ကြစေရန် ရေအရင်းအမြစ်များကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ကြရမည်လည်း ဖြစ်သည်။ တောတောင်ရေမြေ စိမ်းလန်းစိုပြည်စေရန် ပြန်လည်စိုက်ပျိုးဖန်တီးခြင်းဖြင့် ခန်းခြောက်သွားသည့် သဘာဝရေထွက်များ ပြန်လည်စီးဆင်းလာသည့် သာဓကများလည်းရှိပြီးဖြစ်ရာ သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ရေချိုအရင်းအမြစ်များကို အနာဂတ်မျိုးဆက်များအတွက် ကောင်းသော အမွေပေးကြရပါမည့်အကြောင်း။ ။

## တောင်ငူမြို့နယ် သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ငူ မေ ၂၁



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်သည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ထိန်ကုန်းကျေးရွာ အောင်သစ္စာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့်လည်းကောင်း၊ လဲဘူးကျေးရွာ၊ ဖွဲ့စည်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့်လည်းကောင်း တွေ့ဆုံ၍ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်များနှင့်အညီ မွေးမြူနိုင်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၂၁-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၃၅.၃ ~ ၅၃၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၆,၉၆၆,၄၁၁.၈၁ | ၂,၀၅၄,၈၂၇.၅၁ | ၅၁,၆၉၁,၅၀၅.၃၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၃၄ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကို လည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**၂၁ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ - ၅ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၈၅ | ၄၇၇၀ | ၄၇၁၀ | ၄၆၀၀ | ၄၇၇၀ | ၄၇၈၅ | ၄၈၃၅ | ၄၆၈၀ | ၄၈၃၅ | ၅၁၅၅ | ၄၇၀၅ | ၄၈၇၅ | ၄၈၁၀ | ၄၇၆၀ | ၄၇၆၀ | ၄၉၇၅ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၆၀ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၄၄၆၀ | ၄၆၄၀ | ၄၅၈၀ | ၄၄၇၅ | ၄၆၄၀ | ၄၆၅၀ | ၄၇၀၀ | ၄၅၅၀ | - | ၅၀၀၅ | ၄၅၇၅ | ၅၀၅၅ | ၄၆၇၅ | ၄၆၃၀ | ၄၆၃၀ | ၄၈၃၀ |
| HSD (50 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | ၅၇၃၅ | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၄၈ | ၄၄၆၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၂၄၁ | ၄၃၅၆ |
| HSD (50 ppm) | ၅၂၁၉ | ၅၃၅၄ |
| HSD (10 ppm) | ၅၂၁၉ | ၅၃၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

❑ *ရှေ့ဖုံးမှ*

ဒုတိယပုံမှန်အစည်းအဝေးကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေးဖိတ်စာများ ပေးပို့ထားရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေ ၃၀ ရက်ထက်မစောဘဲ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ နေပြည်တော်သို့ လာရောက်ရန် ခေါ်ယူထားပြီးဖြစ်ပါကြောင်း။

တည်းခိုရေးနှင့် နေရာချထားရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိချိန်တွင် လုံခြုံစိတ်ချစွာ တည်းခိုနေထိုင်နိုင်ရန် အဆောက်အအုံများ ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် အသုံးအဆောင်ပစ္စည်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ ရုံး၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ပါကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလများတွင် လွှတ်တော်ဝင်း အတွင်းအပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများ၊ ယာဉ်တန်းအပါအဝင် သတ်မှတ်နေရာအလိုက် လုံခြုံရေးစနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာလုပ်ငန်း ကော်မတီအနေဖြင့် လွှတ်တော်အသီးသီးရှိ Audio၊ ဗီဒီယိုဆက်သွယ်မှုစနစ်များအပါအဝင် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းတည်းခိုနေထိုင်သည့် နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ သောက်သုံးရေ၊ စားသောက်မှုများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှ နေပြည်တော်သို့ အသွားအပြန်ခရီးစဉ်များနှင့် နေပြည်တော်၌ စုပေါင်းတည်းခိုနေထိုင်သည့် နေရာများမှ လွှတ်တော်များသို့ သွားလာရေးကိစ္စများ အဆင်ပြေစေရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အခမ်းအနားပြင်ဆင်ရေး ကော်မတီအနေဖြင့် လွှတ်တော်ဝင်းအတွင်းရှိ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့်



လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် အခန်းတစ်ခန်း စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်သွယ်ရေးလိုင်းများ၊ ရုပ်သံ၊ ရေဒီယို၊ တီဗွီဆိုင်ရာ လုပ်ငန်းများ ကောင်းမွန်စေရေး၊ လွှတ်တော်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် လွှတ်တော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် လွှတ်တော်အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပမှု ရုပ်သံ၊ သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်မှုနှင့် ရုပ်သံစက်ပစ္စည်းများ ကောင်းမွန်ရန်၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူရေးကိစ္စများကို စနစ်တကျနှင့် အဆင်ပြေစေရန် မီဒီယာကတ်ထုတ်ပေးခြင်းနှင့် ရုပ်သံဆိုင်ရာ စက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အတွင်း သတင်းရယူရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့် စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးတာဝန်ယူပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့အတူ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ် လွှတ်တော်ပရိဝုဏ်အတွင်း၊ လွှတ်တော်အစည်းအဝေးခန်းမကြီးများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်၊ ဆက်သွယ်ရေးနှင့် ဆန္ဒမဲပေးစက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည် ကော်မတီဝင်များအားလုံး၏ စုပေါင်းညီညွတ်မှု မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရေးနှင့် ပတ်သက်၍လည်း စောင့်ရှောက်မှုများ အချိန်မီ ဂရုတစိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ကျင်းပမည့် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးများတွင် ဥပဒေကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဆွေးနွေးခြင်းဖြင့် လွှတ်တော်ကဏ္ဍကို အစစ်အမှန် စတင်အသက်သွင်းမည်ဖြစ်သည့်အတွက် အသံစနစ်များ ပိုမိုကောင်းမွန်စေရန် လိုအပ်ပါကြောင်း၊ အစိုးရသစ် ရက် (၁၀၀) စီမံကိန်းကာလနှင့် တိုက်ဆိုင်နေသည့်အတွက် အစိုးရနှင့် လွှတ်တော် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိချိန်တွင်တည်းခိုနေထိုင်နိုင်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများ၏ အားသာချက်များကို ထိန်းသိမ်းပြီး ကော်မတီဝင်များအနေဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးက ပထမပုံမှန်အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၏ ပေါင်းစပ်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီနာယကနှင့်အဖွဲ့သည် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် အခန်းတစ်ခန်း စီစဉ်ဆောင်ရွက်ထားရှိမှု၊ အစားအသောက်များ ချက်ပြုတ်စားသောက်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ နေ့စဉ်သတင်းများနှင့် ဗဟုသုတများ သိရှိနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် စာဖတ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်က ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဉ္စမအကြိမ် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၁

ပဉ္စမအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ် ဟာရီရာ လင်းမ်တို့ ဦးဆောင်၍ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုခိုင်မာလာစေရေး၊ စွမ်းအင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

မြန်မာအစိုးရသစ်၏ ဦးစားပေးလုပ်ငန်းစဉ်များ အပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် ဒေသတွင်း သက်ရောက်မှုများကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပြင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီယို အမ် ဟာရီရာ လင်းမ် က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

**သတင်းစဉ်**

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညို ဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ လာမည့် ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။ **မိုး/ဇလ**

မြန်မာ့အလင်း



■ *ကျောဖုံးမှ*

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Vice Admiral AaronBeng Yao Cheng နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukirs Boontanondha နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ တီမောလက်စ်တေ တပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Domingos Raul နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယဝန်ကြီးနှင့်စစ်ဦးစီးအရာရှိချုပ် General Nguyen TanCuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (23rd AMIM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော် (ကြည်း၊ ရေ၊ လေ) ထောက်လှမ်းရေးအရာရှိချုပ် Major General Benedict D.Balaba နှင့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး(16th AMOM)ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်ဆင်ရေးအရာရှိချုပ် Major Gerenal Elmer B Suderio တို့က အစည်းအဝေးများ ကျင်းပခဲ့မှု အစီရင်ခံစာရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက "မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲ ဆောင်ရွက်ကြပါစို့ (Securing Our Future, Together)" ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအက္ခရာစဉ်အလိုက် အလှည့်ကျဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဆွေးနွေးရာတွင် မိမိတို့အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ခိုင်မာသည့် အခြေခံစည်းမျဉ်းများနှင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့်အဖွဲ့တစ်ခုဖြစ်ပြီး မိမိတို့အာဆီယံတပ်မတော်များသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်တိုးတက်စေရန် အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ယခုနှစ်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် **"မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲ ဆောင်ရွက်ကြပါစို့ (Securing Our Future, Together)"** သည် မိမိတို့ အာဆီယံတပ်မတော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများနှင့် လွန်စွာကိုက်ညီမှုရှိသည့်အပြင် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်းဖြစ်သည်ကိုတွေ့ရှိရပြီး အာဆီယံ၏ အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေး မီးမောင်းထိုးပြလျက်ရှိကြောင်း။



(၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting –16th AMOM)သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့်ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအားလွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့်အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်းကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အင်အားကြီးနိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးမှုမှသည် စစ်ရေးအရ လွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လာသည်အထိ အပြိုင် ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြကြောင်း။

မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးခရီးလမ်းခိုင်မာစေရန် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် အခြေခံအုတ်မြစ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုံခြုံမှုပတ်ဝန်းကျင် အပေါ်မူတည်လျက်ရှိသဖြင့် အနာဂတ်တွင် ဒေသတွင်းတည်ငြိမ်မှုခိုင်မာအားကောင်းလာစေရန်နှင့် နက်နဲရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အတူလက်တွဲကျော်လွှားတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော **"မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲ ဆောင်ရွက်ကြပါစို့ (Securing Our Future, Together)"**နှင့်အညီ အနာဂတ်ကာလတွင် မိမိတို့အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူလက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလိုကြောင်း။

ထို့အတူ အာဆီယံဒေသအတွင်းရှိပြည်သူများ၏ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကိုအခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲဆောင်ရွက်သွားနိုင်ပါစေကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ ၂ နှစ်လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၂၈) Two Years Activity Work Plan (2026-2028) အားအတည်ပြုခြင်း၊ 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ၏ ပူးတွဲထုတ်ပြန်ကြေညာချက် Joint Statement အား အတည်ပြုခြင်းများကိုဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးကြကာ တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က လွှဲပြောင်းပေးအပ်မှု မိန့်ခွန်းပြောကြားပြီး 24th ASEAN Chiefs of Defence Forces Meeting(24th ACDFM) ဥက္ကဋ္ဌကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏ အလံ (ASEAN Flag) ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှဲပြောင်းလက်ခံမှု မိန့်ခွန်းပြောကြားပြီး ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က နှုတ်ခွန်းဆက်အပိတ်မိန့်ခွန်းပြောကြားကာ အစည်းအဝေးအောင်မြင်စွာပြီးစီးခဲ့သည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting -16th AMOM)ကို မေလ ၁၉ ရက်နေ့တွင်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း၊ တတိယအကြိမ် အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်းခေါင်းဆောင်များညီလာခံ(AMICLC-3)နှင့် (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး(23rd ASEAN Military Intelli-gence Meeting - 23rd AMIM) များကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်ပြုလုပ်ရာ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင်တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ လေ့လာရေးခရီးစဉ်များထွက်ခွာ

**နေပြည်တော် မေ ၂၁**

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်းရှိ ပျံသန်းရေးအုပ်များသို့ သွားရောက်လေ့လာခြင်းနှင့် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လှိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်းများမှ သင်တန်းသား အုပ်ချုပ်သူနည်းပြများနှင့် ဆရာ ဆရာမများသည် နေပြည်တော်လေတပ်စခန်းသို့ ယနေ့နံနက်ပိုင်းတွင်ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နေပြည်တော်လေတပ်စခန်း ပျံသန်းရေးအုပ်များရှိ လေယာဉ်/ရဟတ်ယာဉ်အသီးသီး၏ Cockpit ခန်းများ၊ လေယာဉ်ကိုယ်ထည်ခန်းများ၊ Flight Instrument များ၊ Engine Instrument များအား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ပျံသန်းရေးအုပ်များရှိတာဝန်ရှိသူများက လေယာဉ်/ရဟတ်ယာဉ်အလိုက်စွမ်းပကားများ၊ ထမ်းဆောင်နိုင်သည့်လုပ်ငန်းတာဝန်များအား ရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး သင်တန်းသားများသည် လေယာဉ် Simulator ခန်းသို့သွားရောက်ကာ တာဝန်ခံနည်းပြက Simulator မောင်းနှင်သည့် Procedure များ၊ Flight Instrument များ၏ လုပ်ဆောင်ပုံများကို လက်တွေ့ရှင်းလင်းသရုပ်ပြသခဲ့ပြီး သင်တန်းသားများက လေယာဉ် Simulator ဖြင့် လက်တွေ့မောင်းနှင်ပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် လေကြောင်းလူငယ်သင်တန်းသားများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြရာ တာဝန်ရှိသူများက ဘုရားသမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများသည် လိုဏ်ဂူတော်အတွင်းရှိ ပွင့်တော်မူပြီးသော ကကုသန်ဘုရား၊ ကောဏဂုံဘုရား၊ ကဿပဘုရားနှင့် ဂေါတမဘုရား ကျောက်စိမ်းဆင်းတုတော်လေးဆူနှင့် သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့မှ ဗုဒ္ဓစွယ်တော်ပွား နှစ်ဆူအား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် သင်တန်းသားများက စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်



မွမ်းမံနိုင်ရေးအတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး သင်တန်းသားများသည် စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်(နေပြည်တော်)သို့ သွားရောက်ကာ ရတနာဆင်ဖြူတော်များအားလေ့လာခြင်းနှင့် ဘုရားစောင်းတန်းတစ်လျှောက်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဥ်ဖြင့် မြန်မာ့မီးရထား(ရုံးချုပ်)မှ အာမခံအလုပ်သမားဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုပေး

**နေပြည်တော် မေ ၂၁**

လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit-MMU) နှစ်စီးဖြင့် မြန်မာ့မီးရထားရုံးချုပ် (နေပြည်တော်) နှင့် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တို့မှ အရာထမ်း၊ အမှုထမ်း အာမခံအလုပ်သမားဝန်ထမ်းများအား ယနေ့ နံနက်ပိုင်းက လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့ ကြည့်ရှုအားပေးသည်။

ရွေ့လျားဆေးကုသယာဉ်များဖြင့် ကွင်းဆင်းဆေးကုသပေးရာတွင် အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့က ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများအား လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ၊ လွှဲပြောင်းကုသမှုများဆောင်ရွက်ပေးခြင်း၊ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားမှုနည်းပါးစေရန် လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်များကို အသိပညာပေးပြောကြားခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ဓာတ်ခွဲစစ်ဆေးမှု ၃၂၇ ဦး၊ နှလုံးစမ်းသပ်စစ်ဆေးမှု ၁၈၅ ဦး၊ မျက်စိပါဝါစမ်းသပ်မှု ၃၂၅ ဦး၊ မျက်မှန်ပေးအပ်မှု ၃၂၀ ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Digitalization of Industrial Russia ၂၀၂၆ ဖိုရမ် နည်းပညာပြခန်းများအား ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ ညနေပိုင်းက Digitalization of Industrial Russia ၂၀၂၆ ဖိုရမ်တွင် ခင်းကျင်းပြသထားသော ပြခန်းများအား သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါပြခန်းများတွင် ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီများက လူမှုစီးပွားဘဝကဏ္ဍစုံတွင် ဉာဏ်ရည်တုနည်းပညာ၊ ဇီဝအချက်အလက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနည်းပညာများ အသုံးပြုဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှု၊ အသုံးပြုသည့်ပစ္စည်းများနှင့် ဆက်စပ် Application များကို ရာနှုန်းပြည့် ရုရှားနိုင်ငံ၌ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ Digital Twin နည်းပညာကို မော်စကိုမြို့၏ မြို့ပြစီမံခန့်ခွဲမှုတွင် အသုံးပြုဆောင်ရွက်နေမှု၊ ဇီဝအချက်အလက်နည်းပညာကို နယ်ပယ်စုံတွင် အသုံးချဆောင်ရွက်နေမှုကို ခင်းကျင်းပြသထားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် Astra Group ကုမ္ပဏီ၏ပြခန်း၌ ပြည်ပမှီခိုမှုကင်းသော Operating System ၊ ဆိုက်ဘာလုံခြုံရေးနှင့် အချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ Application များ၊ နည်းပညာဆိုင်ရာ ပစ္စည်းများနှင့် Software များ အကြောင်းကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် Astra Group ကုမ္ပဏီနှင့် ဆွေးနွေးပွဲပြုလုပ်ရာ မြန်မာနိုင်ငံတွင် Operating System နှင့် Software များ အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ရေးအတွက် Astra Group ကုမ္ပဏီမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့ပေးနိုင်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပိုင်းဆိုင်ရာသုတေသနပြု အကောင်အထည်ဖော်နိုင်ရေးအတွက် Moscow Technical University of Communications and Informatics (MTUCI) နှင့် Naypyitaw State Polytechnic University (NSPU) တို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd.(TPE) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Sergey A. Kopylov ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ SME Center ၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးဟောပြောပွဲသည် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအပေါ်မူတည်ပြီး ထုတ်ပြန်ထားရှိသည့် စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd. (TPE)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆာဂေးအေ ကိုပီလော့ပ် (Mr.Sergey A. Kopylov) ဦးဆောင်သည့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းရှိ စွန့်ပစ်အပူသုံးဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ(HRPS) အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ Romelt နည်းစဉ်ဖြင့် ဆောင်ရွက်မည့်သံရည်ကျိုအလုပ်ရုံ ပြန်လည်လည်ပတ်နိုင်ရေးနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရမှ ကူညီပံ့ပိုးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအား လိုအပ်ချက်အပေါ်မူတည်၍ ညှိနှိုင်းပြင်ဆင်ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှု ကြည့်ရှု

**မော်လမြိုင် မေ ၂၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ဆန်၊ ဆီနှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှု၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများကို မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက စနစ်တကျ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် မွန်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၈) အခြေခံပညာအထက်ကျောင်း၌ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e- ID စနစ်ဖြင့် UID ထုတ်ပေးခြင်းတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဝန်းသို၌ မကူးစက်နိုင်သောရောဂါများအကြောင်း အသိပညာပေး

**ဝန်းသို မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယနေ့နံနက်က မကူးစက်နိုင်သောရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို အဆိုပါဦးစီးဌာန၌ပြုလုပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်က မကူးစက်နိုင်သောရောဂါအမျိုးမျိုးနှင့် မြန်မာနိုင်ငံတွင် အဓိကအဖြစ်များသည့် မကူးစက်နိုင်သောရောဂါ လေးမျိုးအကြောင်း၊ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်နှင့် အပြုအမူအနေအထိုင်များအကြောင်းတို့ကို ပြည်သူများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

# ရင်သွေးငယ်များ အနာဂတ်ဘဝလှပဖို့ ကျောင်းအပ်နှံကြစို့

**လေအဝှေ့တွင် ပိတောက်ရနံ့တို့က သင်းပျံ့ချိုအီနေသည်။ မိုးလေးတစ်ဖြိုက်နှစ်ဖြိုက် ရွာသွန်းဖြိုးသည်နှင့် ပန်းပိတောက်တို့သည် ပင်လုံးကျွတ်မျှ ဝေဆာပွင့်ဖူးလာသည်။ မကြာမီ မိုးဖြိုင်ဖြိုင်ရွာတော့မည်။ ပန်းကလေးများပွင့်တော့မည်။ ကျောင်းဖွင့်ရာသီရောက်တော့မည်။ အဖြူနှင့်အစိမ်း တူညီကျောင်းဝတ်စုံဝတ်ဆင်၍ ကျောင်းတက်လာကြသော ရင်သွေးငယ်များကို ကြည်နူးဖွယ်ရာ မြင်တွေ့ကြရတော့မည်။**

**ဇာနည်ဘွား**

မြန်မာတို့သည် ပညာရေးနှင့်ပတ်သက်လျှင် ရှေးယခင်ကတည်းက ပညာရေချိန် နိမ့်ပါးသူများ မဟုတ်ကြပါ။ ပညာဉာဏ်စွမ်းအား ထက်မြက်သူများဖြစ်ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်အပါအဝင် မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များစွာသည် ကမ္ဘာ့အလယ်တွင် ပညာရဲရင့် ပွဲလယ်တင်ခဲ့ကြပေသည်။

သို့ရာတွင် နိုင်ငံရေးသဘောထားကွဲလွဲမှုနှင့် တိုင်းရင်းသားရေးရာပြဿနာများကြောင့် ပြည်သူများ ပညာသင်ကြားရေးအတွက် အခက်အခဲများရှိခဲ့သဖြင့် ပညာရေးအားနည်းချက်များ ရှိခဲ့လေသည်။ အထူးသဖြင့် ပညာရေးလောကအတွင်းသို့ နိုင်ငံရေးပယောဂများ မကြာခဏ ပူးကပ်လာမှုများကြောင့် ပညာရေးကဏ္ဍတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ပညာကို အလေးအနက်တန်ဖိုးထားလေ့ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အသိပညာကို မြတ်နိုးဖွယ်ရာ ရတနာအဖြစ် တင်စားပမာပြုလေ့ရှိကြသည်။ ပညာတတ်မြောက်ပါမှ အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ ပညာမတတ်သူသည် မျက်မမြင်နှင့်အလားတူပြီး သူကန်းစမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ဘဲ ဒုက္ခအဖုံဖုံကြုံရသကဲ့သို့ ပညာမတတ်လျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံးဒုက္ခတွင်း၌သာ နစ်မြုပ်ရသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိတတ်သောပညာကို ရရှိရန်လိုအပ်ပါသည်။

လောကီလူသားများတွင် ပဋိသန္ဓေ မွေးရာပါ ပညာဉာဏ်ထက်မြက်သူနှင့် အဆင့်ဆင့်သင်ယူကြိုးစားလေ့ကျင့်၍ ပညာဉာဏ်ထက်မြက်လာသူဟူ၍ နှစ်မျိုးနှစ်စားရှိသည့်အနက် ပဋိသန္ဓေမွေးရာပါ ပညာဉာဏ်ထက်မြက်သူက အလွန်နည်းပါးပြီး အဆင့်ဆင့်သင်ယူကြိုးစားလေ့ကျင့်၍ ဉာဏ်ပညာထက်မြက်လာသူက အများစုဖြစ်ရကား အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့နိုင်ငံများသည် ပညာရေးကဏ္ဍကို မြှင့်တင်၍ အဆင့်ဆင့်လေ့ကျင့်ပျိုးထောင်ပြီး မွေးထုတ်ပေးနေကြခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရေးရင်းနှီးမြှုပ်နှံမှုက နိုင်ငံ့အတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုအဖြစ်ရှုမြင်ကာ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခင်က ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းအဆင့်အား မသင်မနေရစနစ်အဖြစ် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်းအခြေခံပညာ မူလတန်းတက်ရောက်သင်ကြားမှု မရှိခဲ့၍ မျက်မှောက်ကာလတွင် KG+9 မသင်မနေရပညာရေးစနစ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။

ကျောင်းနေအရွယ် ကလေးငယ်အားလုံး ကျောင်းတက်နိုင်ရေးနှင့် KG+9 ပြီးမြောက်ရေး၊ အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူများကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၌ တက်ရောက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းမှု အခြေခံများရရှိနိုင်ရန် Grade 10၊ Grade 11၊ Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားနိုင်ရေး၊ အဆင့်မီသူများကို သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ကြားနိုင်ရေးအစီအမံများကို ကွင်းဆက်ကျကျ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များ အရည်အသွေးကို မြှင့်တင်ပေးခဲ့ပြီး နေပြည်တော်တွင် Napyitaw State Academy နှင့် Napyitaw State Polytechnic တို့ကို ဖွင့်လှစ်ပေးခဲ့သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် လေးခုတို့၌လည်း Polytechnic University တို့ကိုဖွင့်လှစ်ပေးခဲ့ပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်မောင်မယ်များ ပညာရည်မြင့်မားရေး၊ ဗလငါးတန်ပြည့်ဝစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ စီမံဆောင်ရွက်လျက်ရှိသည့်နည်းတူ မိဘ၊ ဆရာများကလည်း အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်။

မိဘဟူသည်ကား သားသမီးတို့၏ ပုဗ္ဗာစရိယ လက်ဦးဆရာများဖြစ်ပါသည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ စသည့် မိဘတို့၏ဝတ္တရားနှင့်အညီ သားငယ်၊ သမီးငယ်များ အတတ်ပညာတတ်မြောက်ကာ လိမ္မာရေးခြားရှိကြစေရန် ဆရာထံ အပ်နှံပေးကြရသည်။

မြတ်ဆရာတို့ကလည်း တပည့်တို့အပေါ် "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့" ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ -

၁။ ဝိဇ္ဇာ၊ သိပ္ပံအတတ်ပညာတို့ကို သင်ကြားပေးရခြင်း၊

၂။ ဘဝလမ်းကြောင်း မတိမ်းမစောင်းရလေအောင် ထိန်းကျောင်းပွဲပြင်ရခြင်း၊

၃။ ဆရာစားမချန် အိတ်သွန်ဖာမှောက် အတတ်ပညာသင်ကြားပေးရခြင်း၊

၄။ အန္တရာယ်ရန်စွယ်အဝဝ မကျရောက်ရအောင် ကာကွယ်ပေးရခြင်း၊

၅။ အခြေခံမှ အထက်တန်းအဆင့်မြင့်ပညာရပ်များကို လက်ဆင့်ကမ်းသင်ကြားစေရခြင်းတို့ကို ဆရာ့ဝတ္တရားအတိုင်း လိုက်နာဆောင်ရွက်ကြရပါမည်။

> ◆ **ပညာတတ်မြောက်ပါမှ အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ ပညာမတတ်သူသည် မျက်မမြင်နှင့်အလားတူပြီး သူကန်းစမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ဘဲ ဒုက္ခအဖုံဖုံကြုံရသကဲ့သို့ ပညာမတတ်လျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံးဒုက္ခတွင်း၌သာ နစ်မြုပ်ရသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိတတ်သောပညာကို ရရှိရန်လိုအပ်**
>
> ◆ **မျိုးဆက်သစ်လူငယ်မောင်မယ်များ ပညာရည်မြင့်မားရေး၊ ဗလငါးတန် ပြည့်ဝစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ စီမံဆောင်ရွက်လျက်ရှိသည့်နည်းတူ မိဘ၊ ဆရာများကလည်း အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်**

ထို့အတူ "ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင် သို့ဖတ်၊ သို့မှတ် သို့ရေး၊ သို့မေး သို့ဖြေ၊ သို့နေ သို့ထိုင်၊ သို့ကိုင် သို့ကြွ၊ သို့ကွ သို့ကုန်း၊ သို့သုံး သို့စွဲ၊ သို့လဲ သို့ထား၊ သို့စား သို့သောက်၊ သို့လျှောက် သို့ဆို၊ သို့ကို သို့ကျင့်၊ သို့နှင့် သို့လျှို၊ သို့ရှိခိုး" ဟူ၍ ကန့်ကူ လက်လှည့်လက်ဆုပ် လက်ကိုင် ဂဃနဏ တိတိကျကျသင်ပြပေးကြရသည်။

မကြာမီကျောင်းအပ်နှံရေး ရက်သတ္တပတ် အစီအစဉ်များ စတင်တော့မည်။ တစ်ဆက်တည်းမှာပင် ကျောင်းခေါင်းလောင်းသံချိုမြမြနှင့် ရင်သွေးငယ်များ၏ စာအံသံတစာစာကို ကြားကြရပါတော့မည်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အစတွင် ပျော်ရွှင်စွာ ကျောင်းတက်လာကြမည့် ရင်သွေးငယ်များကို ကြည်နူးဖွယ်ရာ မြင်တွေ့ကြရပါတော့မည်။

နိုင်ငံတော်အပိုင်းက ပညာရေးကဏ္ဍကို နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ဆောင်ရွက်နေသကဲ့သို့ မိဘများကလည်း ရင်သွေးငယ်များ အနာဂတ်ဘဝလှပစေဖို့ ငယ်စဉ်အခါမှာ ပညာသင်ကြားရန် မပျက်မကွက် ကျောင်းအပ်နှံပေးကြရပါမည်။

ပန်းပုသမား၊ ကျောက်သွေးသမား၊ ဥယျာဉ်မှူး၊ မာလိန်မှူးတို့နှင့် ပမာပြုရသည့် ဆရာသမားတို့ကလည်း လူမမည်သူငယ်ရင်သွေးငယ်များကို ပန်းပုရုပ်အသွင် အနုစိတ်ထုဆစ်ခြယ်မှုန်းသကဲ့သို့၊ ကျောက်အရိုင်းတုံးကလေးများကို အကွက်ပေါ်၍ အရောင်အသွေး တလက်လက်တောက်ပလာအောင် သွေးယူသကဲ့သို့၊ သစ်သီးဝလံ ပန်းမန်များကို စနစ်တကျ ပြုစုယုယ စိုက်ပျိုးသကဲ့သို့၊ လိုရာခရီးကို ရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ ပညာသင်ကြား စောင့်ရှောက်ကြရပါမည်။

ပညာဖြင့်တည်ဆောက်ထားသော ဝန်းကျင်သည် ပျော်ရွှင်ချမ်းမြေ့ သာယာလှပပါသည်။ ပညာဖြင့် တည်ဆောက်ထားသော နိုင်ငံသည် ငြိမ်းချမ်းသာယာဝပြောပါသည်။ ပညာဖြင့် တည်ဆောက်ထားသော လူ့အဖွဲ့အစည်းသည် ဂုဏ်သိက္ခာ အဆင့်အတန်းမြင့်မားပါသည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"၊ "စာသင်ကျောင်းတစ်ခု ဖွင့်လိုက်ခြင်းသည် အကျဉ်းထောင်ဆယ်ခုပိတ် လိုက်ခြင်းနှင့် တူညီသည် "ဟူသော ပညာရေးအဆိုအမိန့်များလည်း ရှိခဲ့သည် မဟုတ်ပါလား။ ။

## ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေး

ရေဖြူ မေ ၂၁

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မေ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးရာ အသက် ၁၀ နှစ် နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများနှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်ပေးရာ ကျေးရွာနေပြည်သူ ၁၅၉ ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



ရေဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကို မေ ၂၀ ရက်က လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်များ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော**
**လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ တက်ရောက်





**နေပြည်တော် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၃၁ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၂ ဦး၊ B.Tech ဘွဲ့ ၁၃၅ ဦး၊ AGTI ဒီပလိုမာ ၁၁၂၃ ဦး စုစုပေါင်း ၃၅၄၁ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၇ ဦး၊ M.Res ဘွဲ့ ၅၅ ဦး၊ Ph.D ဘွဲ့ ၁၇ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ဘွဲ့ ၄၅၂ ဦး ရှိလာသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဝိဇ္ဇာဘာသာနှင့် သိပ္ပံဘာသာထူးချွန်ဆုရ ကျောင်းသားများအား ထူးချွန်ဆုများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် အဆိုပါဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ကောလိပ် မိုးလုံလေလုံအားကစားရုံ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ အိပ်ဆောင်များနှင့် သုံးထပ် ကျောင်းသူအိပ်ဆောင်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ယန္တရားကြီးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သုတေသနစခန်းအမှတ်(၅) မိုးဆွေ၊ သစ်တောစိုက်ခင်းများနှင့် ငလိုက်စခန်းသာ ဆင်စခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် သုတေသနစခန်း အမှတ်(၅) မိုးဆွေသို့ ရောက်ရှိရာ သစ်တောသုတေသန ဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သုတေသနစခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပြီး လုပ်ငန်းအတွက် အထောက်အကူပြုစေရေး၊ အကျိုးဖြစ်ထွန်းစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲများအတွက် ပျိုးပင်များ အဆင်သင့်ဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် မှာကြားသည်။



ထို့နောက် နေပြည်တော်-တောင်တွင်းကြီး လမ်းဘေးရှိ ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက် ၁၀ ဧကနှင့် ကျွန်းအနက်စင်း စမ်းသပ်ကွက် ခြောက်ဧက၊ နေပြည်တော်-မန္တလေး အမြန်လမ်းဘေးရှိ ဝါးမျိုးစုံ စိုက်ခင်း ၁၅ ဧကနှင့် အမြန်လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မစိုက်ခင်း ငါးဧကအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက်မှရရှိလာသည့် အပင်ကြီးထွားနှုန်း၊ အရည်အသွေးကွာခြားမှုနှုန်းများကို သိပ္ပံနည်းကျ တိုင်းတာမှတ်တမ်းထားရှိနိုင်ရန်နှင့် ကျွန်းအနက်စင်း စမ်းသပ်ကွက်မှ ကောင်းမွန်ပြီး ရောဂါကင်းစင်သော အပင်များကို မှတ်တမ်းထားပြီး မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် မိခင်ပင် (plus tree) အဖြစ် သတ်မှတ်ထိန်းသိမ်းရန်၊ ဝါးကို စနစ်တကျစိုက်ပျိုးပြုစု ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလိုက်စခန်းသာဆင်စခန်းသို့ ရောက်ရှိရာ ဆင်စခန်းတာဝန်ခံက ဆင်စခန်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေ၍ ဆင်စခန်းအား ပိုမိုသာယာလှပအောင် ဆောင်ရွက်သွားရန်နှင့် ဆင်များဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်သွားရန်မှာကြားကာ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကျင်းပ



**မန္တလေး မေ ၂၁**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားလူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ အားကစားလူငယ်များ၊ ပရဟိတလူငယ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ဆည်မြို့မှ တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အလွှာပေါင်းစုံမှ လူငယ်များက သိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**လှိုင်ကော် မေ ၂၁**

ကယားပြည်နယ် လှိုင်ကော်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်းက ကြိုးစားသင်ယူကြရန်နှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူ သုံးဦးအား လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ ချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်မိုးက အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြက သင်ကြားမည့်ဘာသာရပ်များအား ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို လှိုင်ကော်မြို့ပေါ်ရပ်ကွက်နှင့်လောပိတမြို့တို့မှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ဖြစ်သည်။

**မေစု(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီမြို့ဟောင်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယမန်နေ့က ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်နှင့် ဟံသာဝတီမြို့ရိုး၊ ကျုံးပြန်လည်ဖော်ထုတ် ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူကြည့်ရှုနားလည်နိုင်စေရန် ကျွန်းတိုင်များအနီးတွင် ကျွန်းတိုင်ရရှိပုံ၊ မူလအနေအထားရှင်းလင်းချက်စာသားများ ထားရှိရန် မှာကြားသည်။

ထို့နောက် လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်တွင် ပြသထားသော Panel Board ရှိ ရှင်းလင်းဖော်ပြချက်များ၊ မြေနန်းပြာသာဒ်ဆောင်ရှိ သီဟာသနပလ္လင်နှင့် မင်းခမ်းတော်ပစ္စည်းများ၊ လက်ယာဝင်းဆောင်တွင် ပြသထားသော နန်းတော်ကျွန်းတိုင်များ၊ မုတ္တမစဉ့်အိုးကြီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟံသာဝတီမြို့ဟောင်း အရှေ့ဘက်မြို့ရိုး အင်းဝတံခါးမြို့ရိုးနှင့် ကျုံးကြားနေရာများတွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူများ တွေ့မြင်သိရှိပြီး ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်စေရန် ရှင်းလင်းချက်များ ရေးသားထားရန် ဆွေးနွေးပြီး ဖော်ထုတ်ထိန်းသိမ်းထားသောနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြောက်ဘက်မြို့ရိုး တံခါးပေါက်(၅) ပေါက်အနက် မုတ္တမတံခါးကို ကြည့်ရှုစစ်ဆေးပြီး ကျုံးကူးတံတားတည်ရှိခဲ့မှု သမိုင်းအထောက်အထားများ ရှာဖွေလေ့လာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၁**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ယနေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာ၌ တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန်အတွက် နေရာချထားမည့် အဆောင်သုံးခု၏ အိပ်ဆောင်များ၊ ဧည့်တွေ့ဆောင်များ၊ နားနေဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးပေးခန်း၊ စားရိပ်သာအဆောင်များတွင် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရေ၊ လျှပ်စစ်မီး ရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က အိပ်ဆောင်များတွင် အမှိုက်ပုံးများထားရှိပေးရန်နှင့် အမှိုက်သိမ်းစနစ်အား စနစ်တကျဆောင်ရွက်ရန်၊ အဆောင်ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မြက်ချုံရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်နှင့် လုံခြုံရေးစနစ် ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စိုက်ပျိုး၊ မွေးမြူရေးတောင်သူများနှင့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့မွန်းလွဲပိုင်းတွင် ထမံသီ-လေရှီး-ဆွမ္မရာ-ပန်ဆက်ကားလမ်း မြေထိန်းနံရံပြိုကျပျက်စီးခြင်းအား ပြန်လည်ရှင်းလင်းဖယ်ရှားပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် လေရှီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စိုက်ပျိုး၊ မွေးမြူရေးတောင်သူများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် MSME ဒေသထွက်ကုန်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လေရှီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်၊ လက်မှုပစ္စည်းများကို ကြည့်ရှုအားပေး၍ ရေဒေါင်ကျေးရွာရှိ လေ့ကားထစ်စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ကြံစိုက်တောင်သူများ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချ၍ သဘာဝမြေဩဇာနှင့်စနစ်တကျတွဲဖက်အသုံးပြုခြင်းဆိုင်ရာ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

ကြံစိုက်တောင်သူများ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချ၍ သဘာဝမြေဩဇာနှင့် စနစ်တကျတွဲဖက်အသုံးပြုခြင်းဆိုင်ရာ တောင်သူနည်းပညာပေးကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ပျဉ်းမနား)၌ ကျင်းပသည်။

နည်းပညာပေးကွင်းသရုပ်ပြပွဲတွင် တာဝန်ရှိသူများက ဓာတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီလွှာ၏ ရုပ်/ဓာတ်ဂုဏ်သတ္တိများ လျော့နည်းလာခြင်း၊ ကုန်ကျစရိတ်များခြင်း၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ ရှိခြင်းတို့ကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချပြီး သဘာဝမြေဆွေးများပြုလုပ်ကာ စနစ်တကျတွဲဖက်အသုံးပြုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ သဘာဝမြေဩဇာနှင့် အနည်းလို အာဟာရဓာတ်များ၏ အရေးပါပုံတို့ကို ရှင်းလင်းပြောကြားကြပြီး ကြံရွက်ခြောက်မြေဆွေးပုံပြုလုပ်နည်းကို လက်တွေ့ပြသကြရာ ကြံစိုက်တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မေ ၂၁**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သန်လျင်တပ်နယ်အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့တွင် ကျင်းပသည့် “ချုံချင့်နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကွန်ဖရင့် ၂၀၂၆” သို့ တက်ရောက်



**ရန်ကုန် မေ ၂၁**

ချုံချင့်နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကွန်ဖရင့် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ချုံချင့်မြို့ရှိ Yuzhou ဟိုတယ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် ချုံချင့်မြူနီစီပယ်ကော်မတီ CPC အတွင်းရေးမှူးနှင့် CPC ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် Mr. Yuan Jiajun တို့က ဖွင့်လှစ်ပေးကာ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Zheng Xiangdong က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ နိုင်ငံပေါင်း ၂၉ နိုင်ငံနှင့် မြို့ပေါင်း ၃၈ မြို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံတကာချစ်ကြည်ရေးအဖွဲ့အစည်း ၉ ခု၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ သံတမန်များ၊ ချုံချင့်နှင့် ချန်ဒူးမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ နိုင်ငံခြားလုပ်ငန်းရှင်များနှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြို့ပြများအကြောင်း မိတ်ဆက်ပြသကာ ချုံချင့်မြို့၏ နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများကို ခင်းကျင်းပြသသည်။

မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ချုံချင့်မြူနီစီပယ်အစိုးရ နိုင်ငံခြားရေးဌာနတွင် ကျင်းပသည့် နိုင်ငံတကာ မိတ်ဖက်ချစ်ကြည်ရေးမြို့တော်များ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲနှင့် ယင်းနေ့ ညပိုင်းတွင် Yuelai Wyndham Hotel တွင်ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်ဒေသအကြား ချစ်ကြည်ရေးညီအစ်မဒေသများ ထူထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် Mr. Huang Maojun တို့က လက်မှတ်ရေးထိုးကြသည်။ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနား တက်ရောက်

**ပုသိမ် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် လေးထပ်ကွမ်းလူရည်ချွန်နှစ်ဦးတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) တွင် ပြုလုပ်သည့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး၊ သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ကျောင်းအပ်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျောင်းနေအရွယ် ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်စေရေးအတွက် ဆရာ၊ မိဘများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့အထွေထွေရောဂါကု ဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ ရောဂါစမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ ရေသန့်၊ ကော်ဖီနှင့်မုန့်များ တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး လစဉ် စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကျန်းမာအသက်ရှည်စွာ နေထိုင်ရေး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်းအပြင် ကာကွယ်ဆေးထိုးခြင်းနှင့် အခြေခံစားကုန်များကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆–၂၀၂၇ပညာသင်နှစ် “နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ၆၆ လမ်းနှင့် ၂၆ လမ်း ကျုံးထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



○ ***ကျောဖုံးမှ***

သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ ပန်းကုံးစွပ်၍ လည်းကောင်း၊ ဘင်ခရာများ၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြူနီစီပယ် စနစ်၏ သမိုင်းခရီးစဉ်နှင့် မြို့ပြဆင့်ကဲပြောင်းလဲမှု

မောင်စည်ပင်(နေပြည်တော်)

မြူနီစီပယ်စနစ် (စည်ပင်သာယာရေး) ဆိုသည်မှာ ပြည်သူတို့၏ နေ့စဉ်ဘဝ သာယာချောမွေ့စေရန် လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းပေးရသည့် အဖွဲ့အစည်းအဖြစ် စတင်ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ လူသားတို့သည် ကမ္ဘာဦးကာလမှစ၍ တစ်ဦးချင်း သီးခြားနေထိုင်ခြင်းထက် အုပ်စုအလိုက် စုပေါင်းနေထိုင်ခြင်းကိုသာ ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့စုပေါင်းနေထိုင်ခြင်းမှတစ်ဆင့် ကျေးရွာ၊ မြို့ပြနှင့် နိုင်ငံများ ပေါ်ပေါက်လာခဲ့ပြီး တစ်ဦးချင်း မဖြေရှင်းနိုင်သော အများနှင့်ဆိုင်သည့် လိုအပ်ချက်များ ပေါ်ပေါက်လာပါသည်။ လူဦးရေထူထပ်လာသည်နှင့်အမျှ ရေ၊ မြေနှင့် လမ်းမကြီးများကဲ့သို့သော အများပိုင်အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်လာပါသည်။

လူတိုင်းအတွက် သန့်ရှင်းသောရေကို လိုအပ်သော်လည်း တစ်ဦးချင်းစီ ရေတွင်းတူးရန် (သို့မဟုတ်) မြစ်မှ ရေသွယ်ရန်မှာ ငွေကြေးနှင့် နည်းပညာအရ မဖြစ်နိုင်ပေ။ ထို့ကြောင့် ရေပေးဝေရေးစနစ်ကို တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု လိုအပ်လာပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကုန်သွယ်မှုနှင့် သွားလာမှုအတွက် လမ်းများသည် မရှိမဖြစ် လိုအပ်ပါသည်။ ထိုလမ်းများကို ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် လမ်းပေါ်ရှိ စည်းကမ်းများကို ထိန်းသိမ်းခြင်းသည် တစ်ဦးချင်းလုပ်ဆောင်၍ မရနိုင်သော Public Duty ဖြစ်လာပါသည်။

လူသားများ တစ်နေရာတည်းတွင် စုပြုံနေထိုင်လာသောအခါ အကြီးမားဆုံးသောစိန်ခေါ်မှုမှာ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းပြဿနာ ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် အမှိုက်စွန့်ပစ်မှုသည် ပြဿနာမဟုတ်သော်လည်း မြို့ပြတွင် စနစ်တကျစွန့်ပစ်ခြင်းမရှိပါက ရောဂါဘယများ (ဥပမာ – ကာလဝမ်း၊ ပလိပ်) ကူးစက်ပြန့်ပွားတတ်ပါသည်။ ဤနေရာတွင် မြူနီစီပယ်စနစ်၏ အခြေခံအကျဆုံး တာဝန်ဖြစ်သော အမှိုက်သိမ်းခြင်းနှင့် ရေဆိုးထုတ်ခြင်းလုပ်ငန်းများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဈေးနှင့်ကုန်သွယ်မှုအတွက် ဈေးအတွင်း အလေးတင်းတောင်း မှန်ကန်စေရန်နှင့် စားသောက်ကုန်များ ဘေးကင်းစေရန် စောင့်ကြည့်ထိန်းညှိပေးသည့် ယန္တရားလိုအပ်ပါသည်။ ထိုလူမှုဘဝလိုအပ်ချက်များကြောင့် မြူနီစီပယ် (စည်ပင်သာယာရေး) အဖွဲ့များ ပေါ်ပေါက်လာပြီး မြူနီစီပယ်စနစ် ခိုင်မာခြင်းသည် မြို့ပြ၏ အခြေခံအဆောက်အအုံနှင့် ပြည်သူ့ကျန်းမာရေးခိုင်မာခြင်းပင် ဖြစ်ပါသည်။



ရောမခေတ် ရေသွယ်တံတားများ တည်ဆောက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

**❑ ပြည်သူပေးဆောင်သော အခွန်အခများသည် ကုမ္ပဏီတစ်ခုတွင် ရင်းနှီးမြှုပ်နှံလိုက်သော ရှယ်ယာများဖြစ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်မှာ သန့်ရှင်းသော လေထု၊ ဘေးကင်းသော အစားအသောက်၊ ချောမွေ့သော လမ်းပန်းဆက်သွယ်ရေးနှင့် စနစ်ကျသော မြို့ပြပတ်ဝန်းကျင်တို့ပင်ဖြစ်**

**❑ ပြည်သူက အခွန်ဆောင်ရခြင်းသည် မြူနီစီပယ်ဝန်ဆောင်မှုကို ဝယ်ယူခြင်း (ဥပမာ- အမှိုက်သိမ်းခပေးခြင်းသည် သန့်ရှင်းသောပတ်ဝန်းကျင်ကို ဝယ်ယူခြင်း)ဖြစ်ပြီး ပြည်သူ့တာဝန်သည် စည်းကမ်းမဲ့အမှိုက်မပစ်ခြင်း၊ လမ်းဘေးကျူးကျော်မှုမလုပ်ခြင်း စသည့် ပြည်သူ့ဘက်မှ လိုက်နာရမည့် တာဝန်များဖြစ်**

မြူနီစီပယ်စနစ်၏ အနှစ်သာရကို သိရှိရန်မှာ ကမ္ဘာ့အုပ်ချုပ်ရေးသမိုင်းတွင် အစောဆုံးနှင့် အအောင်မြင်ဆုံး မြို့ပြယန္တရားများကို တည်ဆောက်ခဲ့သည့် ရှေးဟောင်းဂရိနှင့် ရောမခေတ်ကို လေ့လာရန် လိုအပ်ပါသည်။ ဤခေတ်ကာလများသည် ယနေ့ခေတ် မြို့တော်ဝန်၊ မြို့ပြကောင်စီနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၏ မူလဘူတာပင် ဖြစ်ပါသည်။ ရှေးဟောင်းဂရိနိုင်ငံတွင် Polis ဟုခေါ်သော မြို့ပြနိုင်ငံငယ်လေးများသည် သီးခြားစီအုပ်ချုပ်ခွင့် ကျင့်သုံးခဲ့ကြပါသည်။

ပြည်သူဗဟိုပြုစီမံခန့်ခွဲမှုသည် မြို့ပြနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို Agora ဟုခေါ်သော မြို့လယ်ရင်ပြင်တွင် မြို့သူမြို့သားများ စုဝေးတိုင်ပင်၍ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ခေတ် မြူနီစီပယ်ကောင်စီများ၏ အစောဆုံးပုံစံ ဖြစ်ပါသည်။ မြို့ပြအင်္ဂါရပ်များအနေဖြင့် ဂရိလူမျိုးများသည် မြို့တစ်မြို့တွင် အားကစားကွင်း၊ ကဇာတ်ရုံနှင့် အများပြည်သူအပန်းဖြေရာနေရာများကို စနစ်တကျ ထည့်သွင်းတည်ဆောက်ခဲ့ကြပါသည်။ ထို့ကြောင့် **မြူနီစီပယ်တစ်ခု၏တာဝန်မှာ ပြည်သူ့ဘဝအရည်အသွေးမြှင့်တင်ရန်ဖြစ်ကြောင်း စတင်ပြသခဲ့ခြင်း** ဖြစ်ပါသည်။

ယနေ့ သုံးနှုန်းနေသော Municipal ဆိုသည့် စကားလုံးသည် လက်တင်ဘာသာ Municipium မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ တာဝန်ခွဲဝေယူသူများ Munus (တာဝန်) နှင့် Capere (လက်ခံယူခြင်း)ဟု အဓိပ္ပာယ်ရပါသည်။ ဆိုလိုသည်မှာ ရောမ ဗဟိုအစိုးရထံမှ တာဝန်ကို လက်ခံရယူထားပြီး မိမိဒေသအတွင်း အခွန်ကောက်ခြင်း၊ လမ်းခင်းခြင်းနှင့် တရားစီရင်ခြင်း တာဝန်များကို ခွဲဝေယူခြင်းဖြစ်ပါသည်။ Lex Julia Municipalis (ဂျူးလိယပ်ဆီဇာ၏ မြူနီစီပယ်ဥပဒေ)သည် ခရစ်တော်မပေါ်မီ ၄၅ ခုနှစ် ဝန်းကျင်တွင် ဂျူးလိယပ်ဆီဇာသည် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို စနစ်တကျ ရေးဆွဲခဲ့ပါသည်။ ထိုဥပဒေတွင် လမ်းပေါ်၌ လှည်းများသွားလာမှု စနစ်တကျရှိစေရန် (ယာဉ်ကြောထိန်းသိမ်းမှု)၊ လမ်းများသန့်ရှင်းစေရန်နှင့် ဈေးကွက်များ စနစ်တကျရှိစေရန် စသည့် အချက်များ ပါဝင်ပါသည်။

ရောမမြူနီစီပယ်များ၏ အထင်ရှားဆုံး အောင်မြင်မှုမှာ အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ပါသည်။ Aqueducts (ရေသွယ်တံတားများ)သည် မြို့နေလူထုအတွက် သန့်ရှင်းသောရေကို မိုင်ပေါင်းများစွာဝေးသောနေရာမှ မြို့တွင်းသို့ အရောက်သွယ်ယူခဲ့ပါသည်။ Sewage Systems (ရေဆိုးထုတ်စနစ်)ဖြစ်သော Cloaca Maxima သည် ရောမမြို့၏ အကြီးဆုံးရေဆိုးထုတ်မြောင်းကြီးဖြစ်ပြီး ယနေ့အထိ သမိုင်းတွင်နေဆဲဖြစ်ပါသည်။ မြို့ပြကျန်းမာရေးအတွက် ရေဆိုးထုတ်စနစ်သည် မရှိမဖြစ်လိုအပ်ကြောင်း ရောမလူမျိုးများက စတင်သက်သေပြခဲ့ခြင်း ဖြစ်ပါသည်။ ကျန်းမာရေးနှင့် လူမှုရေးအတွက် အရေးပါသော အများသုံးရေချိုးဆောင်များကို မြူနီစီပယ်က စနစ်တကျတည်ဆောက်ထိန်းသိမ်းခဲ့ပါသည်။

ရှေးခေတ်ဂရိနှင့် ရောမတို့၏ သင်ခန်းစာအရ မြူနီစီပယ်လုပ်ငန်းဆိုသည်မှာ **ပြည်သူ့အကျိုးပြုလမ်း၊ တံတား၊ ရေပေးဝေရေးနှင့် ကျန်းမာရေးအတွက် ရေရှည်စီမံကိန်းများ ရေးဆွဲခြင်းနှင့် မြို့နေလူထု** စနစ်တကျနေထိုင်နိုင်ရန် တိကျသော ဥပဒေစိုးမိုးမှုရှိခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၉ ရာစု အစောပိုင်းတွင် ပေါ်ပေါက်ခဲ့သော စက်မှုတော်လှန်ရေးသည် လူသားတို့၏ နေထိုင်မှုပုံစံကို အကြီးအကျယ် ပြောင်းလဲပစ်ခဲ့ပါသည်။ ထိုပြောင်းလဲမှုသည် ယနေ့ ကျွန်ုပ်တို့မြင်တွေ့နေရသော ခေတ်သစ်မြူနီစီပယ်စနစ်တွင် စက်ရုံများ ပေါ်ပေါက်လာခြင်းကြောင့် ကျေးလက်ဒေသရှိ လူအများအပြားသည် အလုပ်အကိုင်အခွင့်အလမ်းအတွက် မြို့ကြီးများသို့ တိုးဝှေ့ဝင်ရောက်လာကြပါသည်။ မြို့ကြီးများသည် ထိုမျှလောက် များပြားသောလူဦးရေကို လက်ခံရန် အဆင်သင့်မဖြစ်သေးပေ။ အိမ်ခြေများပြည့်သိပ်လာခြင်း၊ စနစ်တကျ အိမ်ရာစီမံကိန်းများမရှိခြင်းတို့ကြောင့် မြို့ပြစနစ်သည် အမှောင်ဖုံးလာခဲ့ပါသည်။ သန့်ရှင်းရေးချို့ယွင်းမှုသည် ရေဆိုးထုတ်မြောင်းများ မရှိခြင်း၊ သန့်ရှင်းသောရေ မရရှိခြင်းတို့ကြောင့် မြို့ပြသည် အမှိုက်ပုံကြီးသဖွယ်ဖြစ်လာပြီး ရောဂါဘယများ၏ အသိုက်အမြုံ ဖြစ်လာခဲ့ပါသည်။




ဥရောပမြို့ကြီးများတွင် ကာလဝမ်းရောဂါ ဆိုးရွားစွာ ဖြစ်ပွားခဲ့မှုပန်းချီပုံ။

၁၈၃၀ နှင့် ၁၈၄၀ ပြည့်နှစ်များအတွင်း ဥရောပမြို့ကြီးများတွင် ကာလဝမ်းရောဂါ (Cholera) ဆိုးရွားစွာ ဖြစ်ပွားခဲ့ပါသည်။ ထိုရောဂါကြောင့် လူပေါင်းသောင်းချီ သေဆုံးခဲ့ရခြင်းသည် အုပ်ချုပ်သူများအတွက် နိုးစက်တစ်ခု ဖြစ်လာခဲ့ပါသည်။ Edwin Chadwick ၏ အစီရင်ခံစာ ၁၈၄၂ ခုနှစ်အရ ဗြိတိန်လူမျိုး Chadwick က မြို့ပြ၏ သန့်ရှင်းရေးချို့ယွင်းမှုသည် နိုင်ငံ၏ကုန်ထုတ်စွမ်းအားကို ကျဆင်းစေပြီး အလုပ်သမားထု၏ ကျန်းမာရေးအတွက် အစိုးရ(မြူနီစီပယ်)က တာဝန်ယူရမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ ၁၈၄၈ ခုနှစ် The Public Health Act ဥပဒေသည် ကမ္ဘာ့ပထမဆုံးသော ပြည့်စုံသည့် မြူနီစီပယ်ဥပဒေ ဖြစ်လာခဲ့ပါသည်။ ထို့ပြင် မြူနီစီပယ်အဖွဲ့များသည် ရေပေးဝေရေး၊ အမှိုက်သိမ်းခြင်းနှင့် ရေဆိုးထုတ်ခြင်းတို့ကို ဥပဒေအရ တာဝန်ယူခဲ့ကြရပါသည်။

ဤကာလတွင် မြူနီစီပယ်အဖွဲ့များ၏ တာဝန်သည် အခွန်ကောက်ရုံမျှသာ မဟုတ်တော့ဘဲ ပြည်သူ့ဝန်ဆောင်မှုပေးသည်အထိ ကျယ်ပြန့်လာပါသည်။ မြို့ပြကုန်သွယ်မှုမြန်ဆန်စေရန် ရှုံ့နှံ့ထူထပ်သောလမ်းများကို ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းများအဖြစ် ပြောင်းလဲခဲ့ပါသည်။ လမ်းမီးတိုင်များ ထွန်းညှိခြင်းဖြင့် လုံခြုံရေးနှင့် ညဘက်သွားလာမှု အဆင်ပြေစေရန် ဓာတ်ငွေ့မီးတိုင်များကို

*စာမျက်နှာ ၁၁ သို့*

ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။



ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့မှ မေလ (၃၁) ရက်နေ့ထိ



ပညာရေးဝန်ကြီးဌာန

"၂၀၂၆-၂၀၂၇ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့်ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။



ပညာရေးဝန်ကြီးဌာန

"၂၀၂၆-၂၀၂၇ ပညာသင်နှစ်"

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေး ပါရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။


*စာမျက်နှာ ၁၀ မှ*

မြူနီစီပယ်က စနစ်တကျတပ်ဆင်ပေးခဲ့ပါသည်။ မြို့ပြစီမံကိန်းအနေဖြင့် လူနေရပ်ကွက်နှင့် စက်ရုံများကို ခွဲခြားသတ်မှတ်ခြင်းဖြင့် လေထုညစ်ညမ်းမှုနှင့် ဆူညံသံများကို ထိန်းချုပ်ရန် ကြိုးပမ်းလာကြပါသည်။

စက်မှုတော်လှန်ရေးခေတ် မြူနီစီပယ်စနစ်၏ သင်ခန်းစာမှာ **ရောဂါဘယနှင့် ကျန်းမာရေး အကျပ်အတည်းကြောင့် ခေတ်မီစည်ပင်သာယာရေးစနစ်များ ပေါ်ပေါက်လာရခြင်း၊ ဗဟိုအစိုးရက မူဝါဒချမှတ်ပြီး ဒေသန္တရ မြူနီစီပယ်အဖွဲ့များက လက်တွေ့အကောင်အထည်ဖော်ရသည့် ဗဟိုနှင့် ဒေသန္တရချိတ်ဆက်မှုယန္တရား ခိုင်မာလာခြင်း၊ အင်ဂျင်နီယာနှင့် ကျန်းမာရေးပညာရပ်များကို အခြေခံ၍ မြို့ပြကို စနစ်တကျတည်ဆောက်လာခြင်း ဖြစ်ပါသည်။** ထိုစနစ်သည် ဥရောပမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့ပြီး ယနေ့ ကျွန်ုပ်တို့ မြင်တွေ့နေရသည့် ခေတ်သစ်စည်ပင်သာယာရေးအဖွဲ့အစည်းများ၏ စံပြနမူနာ ဖြစ်လာခဲ့ပါသည်။

မြူနီစီပယ်အဖွဲ့များသည် နိုင်ငံတော်၏ အခြေခံအကျဆုံးနှင့် ပြည်သူနှင့်အနီးကပ်ဆုံး ယန္တရားဖြစ်ပါသည်။ သမိုင်းကြောင်းအရ ပြည်သူ့ကျန်းမာရေး လိုအပ်ချက်ကြောင့် ပေါ်ပေါက်လာခဲ့သော်လည်း ယနေ့ခေတ်တွင် စီးပွားရေး၊ နည်းပညာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍစုံကို လွှမ်းခြုံကိုင်တွယ်ရသည့် အဖွဲ့အစည်းများ ဖြစ်လာပါသည်။ ထို့ပြင် ထိရောက်သော မြူနီစီပယ်စနစ်ရှိခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ သာယာဝပြောမှုကို တိုက်ရိုက်အဆုံးအဖြတ်ပေးပါသည်။ သမိုင်းဦးကာလ ရောမအင်ပါယာ၏ အုပ်ချုပ်ရေးအုတ်မြစ်များမှသည် ယနေ့ခေတ် ဒစ်ဂျစ်တယ်စနစ်သုံး စမတ်စီးတီးများအထိ မြူနီစီပယ် (သို့မဟုတ်) စည်ပင်သာယာရေး အဖွဲ့များ၏ ခရီးစဉ်သည် အလွန်ရှည်လျားခဲ့ပြီဖြစ်ပါသည်။

ခေတ်သစ်ကမ္ဘာတွင် မြူနီစီပယ်ကို အာဏာပိုင်အဖွဲ့ထက် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအဖြစ် ပိုမိုမြင်တွေ့လာရပါသည်။ **ပြည်သူပေးဆောင်သော အခွန်အခများသည် ကုမ္ပဏီတစ်ခုတွင် ရင်းနှီးမြှုပ်နှံလိုက်သော ရှယ်ယာများဖြစ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်မှာ သန့်ရှင်းသော လေထု၊ ဘေးကင်းသော အစားအသောက်၊ ချောမွေ့သော လမ်းပန်းဆက်သွယ်ရေးနှင့် စနစ်ကျသော မြို့ပြပတ်ဝန်းကျင်တို့ပင်** ဖြစ်ပါသည်။

ပြည်သူက အခွန်ဆောင်ရခြင်းသည် မြူနီစီပယ် ဝန်ဆောင်မှုကို ဝယ်ယူခြင်း (ဥပမာ- အမှိုက်သိမ်းခပေးခြင်းသည် သန့်ရှင်းသောပတ်ဝန်းကျင်ကို ဝယ်ယူခြင်း)ဖြစ်ပြီး ပြည်သူ့တာဝန်သည် စည်းကမ်းမဲ့ အမှိုက်မပစ်ခြင်း၊ လမ်းဘေးကျူးကျော်မှုမလုပ်ခြင်း စသည့်ပြည်သူ့ဘက်မှ လိုက်နာရမည့် တာဝန်များဖြစ်ပါသည်။ မြို့ပြဆိုသည်မှာ အဆောက်အအုံများနှင့် လမ်းမများ စုစည်းထားသည့် နေရာမျှသာမဟုတ်ဘဲ လူသားတို့၏ အနာဂတ်အိပ်မက်များကို ပျိုးထောင်ရာနေရာဖြစ်ပါသည်။ မြူနီစီပယ်စနစ် ခိုင်မာအားကောင်းခြင်းသည် ထိုအိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ **"ကျွန်ုပ်တို့အားလုံးသည် မိမိတို့နေထိုင်ရာမြို့ပြကို ပိုမိုကောင်းမွန်သော၊ ပိုမိုသာယာသော နေရာတစ်ခုဖြစ်စေရန် အတူတကွ ဝိုင်းဝန်းတည်ဆောက်ကြပါစို့"** ဟု ရေးသားတင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**


1. The History of Cities: From Ancient Civilisations to the Smart ... (n.d.). Retrieved from https://dinisguarda.medium.com/the-history-of-cities-from-ancient-civilisations-to-the-smart-cities-of-today-5c185fc5496b.
2. History of cities. (n.d.). Retrieved from https://en.wikipedia.org/wiki/History_of_cities.
3. The Evolution of the Modern City: From Ancient Times to ... (n.d.). Retrieved from https://gosharpener.com/blogs/550784/The-Evolution-of-the-Modern-City-From-Ancient-Times-to.
4. Municipal Governance in Myanmar - NCDD Library. (n.d.). Retrieved from https://lib.ncdd.gov.kh/storage/app/public/library_backend/ CAT_ 11645_1/2015-Municipal Governancein Myanmar-en.pdf


❖ ❖ ❖

# နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို



နေပြည်တော် မေ ၂၁

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အား ထက်သန်စွာပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှု ထမ်းများကို သင်တန်းအမှတ်စဉ်များအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အဆိုပါ နိုင်ငံ့သား ကောင်းရတနာများသည် တပ်ရင်း/တပ်ဖွဲ့အသီးသီး ၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိကြသည်။

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင် ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂/၂၀၂၄)မှ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်း များသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီ ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို မေ ၁၈ ရက်တွင် တိုင်းစစ်ဌာန ချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့် အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည် လွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦး ပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ သည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာ စောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်း စစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင် ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်း ချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ် လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြ ပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့သားကောင်း ပြည်သူ့ စစ်မှုထမ်းများ၏ အိမ်အပြန် ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဖြင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် ပြည့်စုံလျက်ရှိပြီး ၎င်းတို့ ၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ် ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်း များကို ဆောင်ရွက်ကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှု ထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူ များက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက် များ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်စည် ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြ သည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံဆည်း ရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစု နှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှု အပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင်လည်း တွေ့မြင်ရပါ သည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော် နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေး တာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝ ဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီ ကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများ နှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူ များဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေ ဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလ တစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့် များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့ သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါ က မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင် နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ် အကိုင်(သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက် ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက် မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင် ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့ ၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေး တို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှု ကော်မတီ” က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာ နိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ် အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်၍ တပ်မတော် နှင့်ပြည်သူ တစ်သားတည်းဖြစ်တည်မှုကို အပြည့် အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု လည်းဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုး အတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များရောက်ရှိ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာကြိုဆို

နေပြည်တော် မေ ၂၁



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်း ဟားခါးသို့ ရောက်ရှိလာစဉ်။

တပ်မတော်အနေဖြင့် ပြည်သူ လူထု အေးချမ်းစွာနေထိုင်နိုင်ရေး အတွက် အကြမ်းဖက်သောင်းကျန်း သူများ ယာယီစိုးမိုးပြီး အကြမ်း ဖက်လုပ်ရပ်များ လုပ်ဆောင်လျက် ရှိသည့်ဒေသများ၌ အကြမ်း ဖက် ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation) များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ပြီး အရေးပါ သည့် ဆက်သွယ်ရေးလမ်းကြောင်း များအား ပြန်လည်ဖွင့်လှစ်ပေး ခြင်း၊ အကြမ်းဖက်သမားများ ကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရ သည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်သို့ ပြန်လည် ဝင်ရောက် နေထိုင်နိုင်ရေး၊ အစိုးရ အုပ်ချုပ်မှုယန္တရားများ ပြန်လည် လည်ပတ်ကာ ဒေသခံပြည်သူ လူထု၏ လူမှု၊ စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ပြန်လည် ဖော်ဆောင်ပေးနိုင်ရေး၊ စားသောက် နေထိုင်မှု အဆင်ပြေစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို နိုင်ငံတော်အစိုးရနှင့် လက်တွဲ ဆောင်ရွက်ပေးလျက် ရှိသည်။

တပ်မတော်သည် အကြမ်း ဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် ချင်းပြည်နယ် ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့် အတွက် ယခုအခါ ဟားခါး – ဖလမ်း – တီးတိန် – တွန်းဇံ – ကျီးခါးလမ်းကြောင်းနှင့် ကလေး– သိုင်းငင်း – ဖလမ်း – ဟားခါး လမ်းကြောင်းများကို ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာ ခဲ့ကြရသည့် ဒေသခံတိုင်းရင်း သားပြည်သူများသည် ဖလမ်းမြို့ သို့ ပြန်လည်ဝင်ရောက်နေထိုင် လျက်ရှိပြီး ၎င်းတို့အတွက် လိုအပ် သည့် အခြေခံစားသောက်ကုန် များ၊ လူသုံးကုန်ပစ္စည်းများ၊ မြို့ပြန်လည် တည်ဆောက်ရေး အတွက် လိုအပ်သည့်ဆောက်လုပ် ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေးပစ္စည်း များပါဝင်သည့် မော်တော်ယာဉ် များနှင့် မော်တော်ဆိုင်ကယ်များ သည် မေ ၂၀ ရက်တွင် ဖလမ်း မြို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ အခြေခံစားသောက် ကုန်များ၊ လူသုံးကုန်ပစ္စည်းများ နှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ပါဝင်သည့် မော်တော်ယာဉ်များ နှင့် မော်တော်ဆိုင်ကယ်များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ယနေ့တွင် ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ဟားခါး မြို့ရှိဒေသခံတိုင်းရင်းသားပြည်သူ များ၏ စားဝတ်နေရေးအဆင်ပြေ ချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီ အမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ အတွက် ဆေးပစ္စည်းလိုအပ်ချက် များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ကုန်ပစ္စည်းများ တင်ဆောင် လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဟားခါးမြို့သို့ ယနေ့ညနေပိုင်း တွင်ရောက်ရှိကြရာ မြို့နယ်ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အိုးစည် ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူး တင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြ ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်း သူများသည် ကလေး– သိုင်းငင်း– ဖလမ်း – ဟားခါး ဆက်သွယ်ရေး လမ်းကြောင်းအား ယာယီစိုးမိုး ပိတ်ဆို့ထားစဉ် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများ ကြောင့် ဟားခါးမြို့၌ စားသောက် ကုန် နှင့် လူသုံးကုန်များ ရှားပါး လာခြင်း၊ ကုန်စည်စီးဆင်းမှု တွင် အခက်အခဲများဖြစ်ပေါ်ပြီး ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ ဆေးဝါး၊ ဆေးရုံသုံးပစ္စည်း များ ပို့ဆောင်ရခက်ခဲခြင်းကြောင့် ဟားခါးမြို့ရှိဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် အခက် အခဲများဖြစ်ပေါ်လာခြင်းနှင့် ဒေသ ထုတ်ကုန်များ တင်ပို့ရောင်းဝယ် နိုင်ခြင်းမရှိတော့သဖြင့် ဒေသ စီးပွားရေး ကျဆင်းခြင်းတို့ကို ပြည်သူများအနေဖြင့် ခါးစည်းခံခဲ့ ရကြောင်း သိရှိရသည်။

လက်ရှိတွင် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိ လာသည့်အခြေခံစားသောက်ကုန် များနှင့် လူသုံးကုန်ပစ္စည်းများ ကို ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်ဆင့် ထောက်ပံ့ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် ယခုအခါ ကလေး – သိုင်းငင်း – ဖလမ်း– ဟားခါးလမ်းကြောင်းတစ်လျှောက် တွင်လည်း *စာမျက်နှာ ၁၃ သို့*

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် လည်းပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန် အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးနှင့် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုအား မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန် လုံခြုံရေးပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၁နာရီ ၁၅ မိနစ်ခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၄၅၀၀ ခန့် အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစာမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၅၀၀ ခန့် အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၃၀၊ အမျိုးသမီး တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့အား ဖုန်းမျိုးစုံ ၁၁ လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းအမျိုးသား ၅၉ဦး၊ အမျိုးသမီး ငါးဦး၊ Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၂၆ လုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်း သုံးပစ္စည်းများအား လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာများပြပုံ။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၀၊ အမျိုးသမီး တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။



ဖမ်းဆီးရမိသော ဖုန်း ၁၁ လုံးအား တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ပညာရည်မြင့်မားရေးများကိုအစဉ်တစိုက်ဖော်ဆောင်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့မနား၊ ညမအား ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုတို့၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် သိမြင်ခံစား တန်ဖိုးထားတတ်လာပြီး ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေး ကဏ္ဍများမှာလည်း ပုံမှန်အတိုင်း ပြန်လည်လည်ပတ်တော့မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဖျာပုံမြို့နယ်အတွင်းရှိ သမဝါယမအသင်းများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဖျာပုံ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု၌ တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများအား မိုးစပါးအချိန်မီ



စိုက်ပျိုးနိုင်ရေး ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ရာ တိုင်းဒေသကြီး ဦးစီးမှူးက သမဝါယမအသင်းဝင်တောင်သူများသို့ ယူရီးယားဓာတ်မြေဩဇာအိတ်များ စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကိုးအိမ်တန်းကျေးရွာအုပ်စုတွင် သမဝါယမအသင်းသားပိုင် လယ်မြေဧက ၂၅၂၆ ဧကရှိပြီး Gw-11၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ အထွက်တိုးစပါးများနှင့် ပေါ်ဆန်းကြီးအုပ်စုစပါးများ စိုက်ပျိုးကြကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## ကျိုက်မရော၌ ကော့စွယ်ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

**ကျိုက်မရော မေ ၂၁**

ကျိုက်မရောမြို့နယ် ကော့စွယ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များ



ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကော့စွယ်ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းထောက်ပံ့ငွေ ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေ ၁၁ ဒသမ ၇ သန်း စုစုပေါင်း ငွေကျပ် ၂၆ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဩစတြေးလျနိုင်ငံ၏ ကလေးသူငယ်စောင့်ရှောက်ရေးဥပဒေကို ချိုးဖောက်သည့်အတွက် X ဒဏ်ရိုက်ခံရ

**ဆစ်ဒနီ မေ ၂၁**

အီလွန်မက်စ် ပိုင်ဆိုင်သည့် လူမှုကွန်ရက်မီဒီယာ X သည် ကလေးသူငယ်အလွဲသုံးစားမှုဆိုင်ရာ အကြောင်းအရာများကို မည်သို့ကိုင်တွယ် ဖြေရှင်းသည်ဟူသော သတင်းအချက်အလက်များကို ထောက်ပံ့ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် ဩစတြေးလျနိုင်ငံက ဒဏ်ငွေချမှတ်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်သည် သုံးနှစ်ကြာ တရားရင်ဆိုင်မှုကို အဆုံးသတ်စေခဲ့သည်။ မေ ၂၁ ရက်တွင် ဖက်ဒရယ်တရားရုံးက လူမှုကွန်ရက်မီဒီယာ X ကို ဒဏ်ငွေ ဩစတြေးလျ ဒေါ်လာ ၆၅၀၀၀၀ ဒဏ်ရိုက်ခဲ့သည်။ ကုမ္ပဏီဘက်ကလည်း ၎င်းတို့အနေဖြင့် အွန်လိုင်းလုံခြုံရေး ဥပဒေကိုလိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ဝန်ခံခဲ့ပြီး ဒဏ်ကြေးပေးဆောင်ရန် သဘောတူခဲ့သည်။

၂၀၂၂ ခုနှစ်က အီလွန်မက်စ်သည် X ဝယ်ယူခဲ့ပြီး လုပ်ငန်းပြန်ဖွဲ့စည်းမှု လုပ်ဆောင်ဆဲကာလဟု အကြောင်းပြခဲ့သည်။ တရားရုံးက X အား တရားဥပဒေကုန်ကျစရိတ်အတွက် ဩစတြေးလျ ဒေါ်လာ ၁၀၀၀၀၀ ထပ်မံပေးဆောင်ရန် အမိန့်ချခဲ့သည်။

နည်းပညာ ကုမ္ပဏီကြီးများအတွက် တာဝန်ခံမှုရှိစေရန် အဓိပ္ပာယ်ရှိသည့် ပွင့်လင်းမြင်သာမှုသည် အရေးကြီးသည်ဟု ဩစတြေးလျနိုင်ငံ၏ အီလက်ထရောနစ် လုံခြုံရေးကော်မရှင်နာ ဂျူလီအင်မန်းဂရန့်က ပြောသည်။

ဩစတြေးလျနိုင်ငံသည် ပြီးခဲ့သည့်နှစ် နှောင်းပိုင်းမှစတင်ကာ အသက် ၁၆ နှစ်အောက် ကလေးငယ်များကို လူမှုကွန်ရက်မီဒီယာအသုံးပြုခွင့် ပိတ်ပင်သည့် ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

အင်န်အိတ်ချ်ကေ



# ထိုင်းနိုင်ငံသို့ အချိန်တိုခရီးစဉ်လာရောက်လည်ပတ်သူ ၈ ဒသမ ၂၄ သန်းရှိ

**ဘန်ကောက် မေ ၂၁**

ထိုင်းနိုင်ငံသည် ယခုနှစ် မေလ ၁၆ ရက်အထိ အနီးဝန်းကျင်ဒေသများမှ အချိန်တိုခရီးစဉ်ဖြင့် လာရောက် လည်ပတ်သည့် နိုင်ငံခြားခရီးသွား ၈ ဒသမ ၂၄ သန်းကို ကြိုဆိုလက်ခံခဲ့ပြီး တရုတ်ခရီးသွားအများဆုံးဖြင့် ဦးဆောင်လျက်ရှိသည်။

နိုင်ငံခြားခရီးသွား ပြန်လည်ဝင်ရောက်မှုတွင် အရှေ့အာရှက ၃ ဒသမ ၇၃ သန်း၊ ဒေသတွင်းနိုင်ငံများ၊ တောင်အာရှနှင့် တောင်ပစိဖိတ်နိုင်ငံများက ၄ ဒသမ ၅ သန်းဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဖော်ပြထားသည်။



ယခုကဲ့သို့နိုင်ငံတကာခရီးသွားဝင်ရောက်မှု တိုးတက်လာခြင်းသည် အရည်အသွေးမြင့်ခရီးသွားလုပ်ငန်းများနှင့် အထူးစိတ်ဝင်စားမှုရှိသည့် ခရီးသွားအုပ်စုများကို ရည်ရွယ်သည့် စည်းရုံးရေးအစီအစဉ်များကြောင့်ဟု ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ ထို့ပြင် ထိုင်းနွေရာသီခရီးသွားမြှင့်တင်ရေး အစီအစဉ်ဖြစ်သည့် Thailand Summer Blast အစီအစဉ်ကလည်း စင်းလုံးငှားလေယာဉ်များနှင့် အွန်လိုင်းကြော်ငြာများမှ တစ်ဆင့်လေကြောင်းခရီးစဉ်များ ပိုမိုချိတ်ဆက်နိုင်ရန် ကူညီပေးခဲ့သည်ဟု ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

တတိယသုံးလပတ်ကာလကို ကြည့်မည်ဆိုပါက ဒေသတွင်းနိုင်ငံများတွင် မေလမှ ဩဂုတ်လအထိ ကျောင်းပိတ်ရက်ရာသီများနှင့် နွေရာသီအားလပ်ရက်များကြောင့် ထိုင်းနိုင်ငံသို့ အချိန်တိုခရီးစဉ်ဖြင့် လာရောက်လည်ပတ်မည့် နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ဆက်လက်တည်ငြိမ်မှုရှိမည် သို့မဟုတ် အနည်းငယ်တိုးတက်လာမည်ဟု ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

လေယာဉ်လက်မှတ်ဈေးနှုန်းကြီးမြင့်မှုများက ခရီးသွားများကို ပိုမိုတိုတောင်းသည့် ဒေသတွင်းခရီးစဉ်များကို သွားလာစေရန် တွန်းအားတစ်ခုဖြစ်စေခဲ့သည်ဟု ပတ်ထရာနွန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ဆင်ဟွာ

# နယူးဇီလန်နိုင်ငံ၏ နိုင်ငံခြား ပို့ကုန်တင်ပို့မှုမှာ နယူးဇီလန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံရှိ

**ဝယ်လ်လင်တန် မေ ၂၁**

နယူးဇီလန်နိုင်ငံသည် ဧပြီလအတွင်း နိုင်ငံခြားကုန်တင်ပို့မှုစုစုပေါင်းမှာ နယူးဇီလန် ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံရှိရာ ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ အဓိကတင်ပို့သည့် ပစ္စည်းများမှာ အသား၊ နို့ထွက်ပစ္စည်း၊ ရွှေနှင့် ရေနံစိမ်းတို့ဖြစ်ကြောင်း တရားဝင်အချက်အလက် အေဂျင်စီက မေ ၂၁ ရက်တွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နယူးဇီလန် ဒေါ်လာ ၉၄၃ သန်းအထိ တိုးလာကြောင်း တရားဝင်အချက်အလက် အေဂျင်စီဖြစ်သည့် Stats NZ က ပြောကြားသည်။

အမဲသားနှင့် သိုးသားတို့၏ အဓိကတင်ပို့မှုကြောင့် အသားတင်ပို့မှုမှာ ၂၀၂၆ ခုနှစ် ဧပြီလအတွင်း နယူးဇီလန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိရာ ၂၆ ရာခိုင်နှုန်း တိုးလာကြောင်း စာရင်းအင်းဌာနက ပြောကြားသည်။




အလားတူ နို့မှုန့်၊ ထောပတ်နှင့် ဒိန်ခဲအပါအဝင် နို့ထွက်ပစ္စည်း တင်ပို့မှုမှာ နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၃ ဘီလံယံရှိရာ ၇ ရာခိုင်နှုန်း တိုးလာကြောင်း၊ ရွှေတင်ပို့မှုမှာ နယူးဇီလန်ဒေါ်လာ ၂၆၂ သန်းရှိရာ ၁၄၅ ရာခိုင်နှုန်းတိုးလာပြီး ရေနံစိမ်းတင်ပို့မှုမှာ ၂၀၂၆ ခုနှစ် ဧပြီလအတွင်း နယူးဇီလန်ဒေါ်လာ ၁၅၁ သန်းရှိရာ ယမန်နှစ်ကထက် ၃၈၈ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

ဆင်ဟွာ

# ဧပြီလအတွင်း အရှေ့အလယ်ပိုင်းဒေသမှ ဂျပန်သို့ တင်သွင်းသည့် ရေနံစိမ်း ၆၇ ရာခိုင်နှုန်း ကျဆင်း

**တိုကျို မေ ၂၁**

အရှေ့အလယ်ပိုင်းဒေသမှ ဂျပန်နိုင်ငံသို့တင်သွင်းသည့် ရေနံစိမ်းပမာဏမှာ ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ဧပြီလအတွင်း သုံးပုံနှစ်ပုံကျဆင်းခဲ့သည်။

## ရေနံစိမ်းတင်သွင်းမှုကျဆင်း

အဆိုပါဒေသမှ ရေနံစိမ်းတင်သွင်းမှုမှာ ၆၇ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားပြီး ကီလိုလီတာ ၃ ဒသမ ၈ သန်း ကျဆင်းသွားခြင်းဖြစ်သည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။ တင်သွင်းသည့်စက်သုံးဆီအမျိုးအစားထဲတွင် နဖ်သာ(naphtha) ပါဝင်သည့် တင်သွင်းမှုမှာ ၇၉ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားသည်။

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုကျဆင်း

အဆိုပါဒေသမှ သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုမှာလည်း ၇၆ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အဆိုပါကျဆင်းသွားသည့် တင်သွင်းမှုများကို အစားထိုးရန် ဂျပန်နိုင်ငံသည် အခြားနိုင်ငံများနှင့် ဒေသများမှ ရေနံထွက်ပစ္စည်းများ ရယူသုံးစွဲရန်ကြိုးပမ်းခဲ့သည်။

## အစီရင်ခံစာတွင်ပါဝင်

အမေရိကန်နိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုမှာ ၃၈ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခဲ့ပြီး နဖ်သာ(naphtha) တင်သွင်းမှုမှာလည်း သိသိသာသာ တိုးလာခဲ့သည်။ ရေနံတင်သွင်းမှုကိန်းဂဏန်းများသည် ဧပြီလအတွင်း ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေး အစီရင်ခံစာတွင်ပါဝင်သည်။

ဧပြီလအတွင်း ပို့လျှံငွေမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဒေါ်လာရှိသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ဆက်စပ်သည့်ပစ္စည်းများတွင် ဝယ်လိုအားမြင့်လာသည့်အတွက် တင်ပို့မှုတန်ဖိုးမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အင်န်အိတ်ချ်ကေ

# တူကီယဲနိုင်ငံ၌ စစ်ဆင်ရေးအတွင်း သံသယရှိသူ ၇၁ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် မေ ၂၁**

တူကီယဲအာဏာပိုင်များသည် ပြည်နယ် ၁၁ ခုအတွင်း စနစ်တကျဖွဲ့စည်းထားသည့် ရာဇဝတ်ဂိုဏ်းများကို ပစ်မှတ်ထား၍ စစ်ဆင်ရေး လုပ်ဆောင်ခဲ့ရာ သံသယရှိသူ ၇၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ပြောကြားသည်။

သံသယရှိသူများမှာ လိမ်လည်ခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်း၊ တရားမဝင်လောင်းကစားပြုလုပ်ခြင်းနှင့် စာရွက်စာတမ်းများ လိမ်လည်အတုပြုလုပ်ခြင်း စသည်တို့တွင် ပါဝင်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

ငွေကြေးဆိုင်ရာပြစ်မှုများစုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့က အဆိုပါ သံသယရှိသူများနှင့် ဆက်စပ်၍ ငွေစာရင်းအရောင်းအဝယ်စုစုပေါင်း အမေရိကန် ဒေါ်လာသန်း ၇၀ ခန့်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ပွင့်ဖြူမြို့၌ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် ဝိနည်းဓိုရ်သင်တန်းဆင်း

**ပွင့်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲကို ယမန်နေ့က ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် အောင်သိဒ္ဓိကျောင်းတိုက်၌ ကျင်းပရာ ပွင့်ဖြူမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုစိတ္တာသာရ(မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်က ပထမအကြိမ် ဝိနည်းဓိုရ်သင်တန်း အောင်မြင်စွာ ဖွင့်လှစ်နိုင်မှုအပေါ် ဝမ်းမြောက်ကြောင်း ကထာ မိန့်ကြားသည်။

ထို့နောက် မြို့နယ်လဝကဦးစီးမှူး ဦးကျော်သူရက မြို့နယ်သာသနာရေးဆိုင်ရာများကို ဆရာတော်အရှင်သူမြတ်များထံ လျှောက်ထားပြီး ကြွရောက်တော်မူလာသော ဆရာတော်ကြီးများက ပထမအကြိမ် ဝိနည်းဓိုရ်သင်တန်း တက်ရောက်ခဲ့ကြသော သံဃာတော်များအား



သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**သာယာဝတီ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ခရိုင်အဆင့် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို အထက(၁) သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အဆိုပြိုင်ပွဲ၌ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

**သန့်ဇော် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ကျောက်ဆည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၌ ယမန်နေ့က စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ဒေသတွင်းတောင်သူများ၏ မျိုးစေ့လိုအပ်ချက်နှင့် မျိုးစေ့လိုအပ်သော ဒေသများသို့ ဖြန့်ဖြူးနိုင်ရေး စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်ခဲ့ရာ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဗဟိုခြံတာဝန်ခံ ဦးအောင်ကျော်စိုးစံက စပါးမျိုးစေ့ထုတ်လုပ်ခြင်းအကြောင်းများ၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က ကွင်းဆင်းစစ်ဆေးခြင်း နည်းလမ်းများ၊ အထက်မြန်မာပြည်မျိုးစေ့တာဝန်ခံ ဒေါ်မိုးသန့်သန့်က အရည်အသွေး စစ်ဆေး



ခြင်း၊ စဉ့်ကိုင်မြို့နယ် မျိုးသန့်ခြံတာဝန်ခံ ဦးမျိုးမင်းထွန်းက စပါးမျိုးစေ့ထုတ်လုပ်ငန်း ရိတ်သိမ်းချိန်လွန်တွင် လိုက်နာရမည့်နည်းပညာများ အကြောင်း သင်ကြားပို့ချဆွေးနွေးခဲ့ပြီး အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဝန်ထမ်း ၂၅ ဦးနှင့် စပါးစိုက်တောင်သူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်

**ဆင်ပေါင်ဝဲ မေ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးရာသီစံပြကွက်၊ စမ်းသပ်ကွက်နှင့်မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၀ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်နှင့်



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းတို့က စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အမှတ် (၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၉) အုပ်စုမှ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အက်စ်တွန်ဗီလာအသင်းက ဖရိုင်းဘတ်ကို ဂိုးပြတ်အနိုင်ယူပြီး ယူရိုပါလိဂ်ဖလား ဆွတ်ခူး

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက ဘွန်ဒက်စ်လီဂါကလပ် ဖရိုင်းဘတ်အသင်းကို တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် နိုင်ပွဲရယူပြီး နှစ်ပေါင်း ၃၀ ကြာ ဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်နိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မေ ၂၁ ရက် နံနက် ၁ နာရီခွဲက တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဘီဆစ်တပ်စ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ် ၃၇၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ဂျူလီယန်ရှူစတာ၏ ဖရိုင်းဘတ်အသင်းသည် ဆီမီးဖိုင်နယ်တွင် ဘရာဂါအသင်းကို အနိုင်ရရှိခဲ့သော ကစားသမားစာရင်းကို အပြောင်းအလဲပြုလုပ်ခြင်း မရှိဘဲ အက်စ်တွန်ဗီလာအသင်းကို ရင်ဆိုင်လာခဲ့သည်။ သို့သော်လည်း ဖရိုင်းဘတ်အသင်းသည် ပွဲချိန်တစ်လျှောက်တွင် အက်စ်တွန်ဗီလာအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရပြီး တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။

အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးများကို တိုင်လီမန်းစ်၊ ဘွန်ဒီယာနှင့် ရော်ဂျာစ်တို့က သွင်းယူပေးခဲ့သည်။ အက်စ်တွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီသည် ယူရိုပါလိဂ်ဖလားကို ဆီဗီလာအသင်းနှင့် သုံးကြိမ်၊ ဗီလာရီးရဲအသင်းနှင့် တစ်ကြိမ် ဆွတ်ခူးထားသည်။ ထို့ကြောင့် အသက် ၅၄ နှစ်အရွယ် အူနိုင်းအမ်မရီသည် အက်စ်တွန်ဗီလာအသင်းနှင့်အတူ ယူရိုပါလိဂ်ဖလားကို ငါးကြိမ်အထိ စံချိန်တင် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းသည် ယူရိုပါလိဂ်ဖလားကို ၁၂ နှစ်အတွင်း ငါးကြိမ်အထိ ဆွတ်ခူးရရှိအောင်စွမ်းဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

**အောင်ဇော်**

## ပြည်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ပြည် မေ ၂၁**

ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ မေ ၁၉ ရက်က အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးဦးက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းနှင့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူများ၏ သိလိုသည့်မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တနင်္သာရီမြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**တနင်္သာရီ မေ ၂၁**


တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေဈေတာရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက သစ်တောဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး တောအုပ် ဦးဇေယျာမိုးနှင့် တာဝန်ရှိသူများက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေဈေတာရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များအား မေးမြန်းခြင်းအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

**တနင်္သာရီ(ပြန်/ဆက်)**



ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး
အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့
လက်တွဲညီညီ ဆောင်ရွက်စို့



## ထားဝယ်မြို့၌ အသက်မွေးဝမ်းကျောင်း ကာလတို အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ထားဝယ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က ထားဝယ်မြို့ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးက အမှာစကား ပြောကြားပြီး ထားဝယ်လူမျိုး စုစည်းမှုကော်မတီ (ဗဟို)ဥက္ကဋ္ဌက စက်ချုပ်သင်တန်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ပြောကြားသည်။



သင်တန်းတွင် စက်ချုပ်သင်တန်းသုံးပစ္စည်းများကို ကိုင်တွယ်အသုံးပြုပုံနှင့် အခြေခံချုပ်ရိုးများချုပ်နည်း၊ အခြေခံစက်ချုပ်နည်းဘာသာရပ်များနှင့် Patten ရေးဆွဲနည်း ဘာသာရပ်များကို သင်တန်းသူ ၁၀ ဦးအား ရက်သတ္တ ခုနစ်ပတ် စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သင်တန်းသူ ငါးဦးအား အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကာ လုပ်ငန်းထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ် ဝက်စု လယ်/ထွေ သမဝါယမအသင်းတွင် စနစ်ကျသော စိုက်ပျိုးရေးဖော်ဆောင်ရန်ဆွေးနွေး



**နေပြည်တော် မေ ၂၁**

ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာဓမ္မာရုံ၌ ဝက်စု လယ်/ထွေ သမဝါယမအသင်း အသင်းသား ၃၃ ဦး၊ စိုက်ဧက ၁၀၂ ဒသမ ၅၃ ဧကကို စနစ်ကျသော စိုက်ပျိုးရေး ဖော်ဆောင်နိုင်ရန်အတွက် ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သမဝါယမအသင်းသား တောင်သူများနှင့် ကွင်းဆင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ အခွန်ထမ်းပြည်သူများအား အသိပညာပေးရှင်းလင်း

**ဖြူး မေ ၂၁**

ဖြူးမြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၁၇ ရက်က ပြည်တွင်းအခွန်များဦးစီးဌာန ဖြူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများ၊ အခွန်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ ကြေညာလွှာများ အချိန်မီတင်သွင်းရေး၊ လစဉ်ကြိုတင်ခွန်များ ပေးသွင်းစေရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နိုင်စေရေးနှင့် ဒဏ်တပ်ရိုက်ခြင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**



## ထန်းတပင်မြို့နယ် ဆိပ်ကြီး - ရေကျော် - ပဲပုတ် ရေတားတမံ ပြန်လည်ပြုပြင်ဆောင်ရွက်

**ထန်းတပင် မေ ၂၁**

ထန်းတပင်မြို့နယ်၌ ဆိပ်ကြီး- ရေကျော် - ပဲပုတ် ရေတားတမံကို မေလဒုတိယပတ်မှ စတင်၍ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို



ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ အရှည်ပေ ၄၀၀၊ တာထိပ်အကျယ် ၁၂ ပေ၊ အမြင့် ၁၀ ပေရှိ မြေသားတာပေါင်တမံကို မိုးရာသီမတိုင်မီ ပြီးစီးပြုပြင်ဆောင်ရွက်နိုင်ရေး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပြည်သူများ၏ လယ်ယာမြေဧက ၃၀၀၀၀ ကျော် ရေကြီးနစ်မြုပ်မည့်ဘေးမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်နှင့်အညီ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက ချောင်းဆုံမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ဈေးနှင့် လူစည်ကားရာ နေရာများတွင် ပြုလုပ်စဉ်။ ကိုကျော်(ချောင်းဆုံ)

မုဒုံမြို့ပေါ် ရပ်ကွက်များတွင် မိုးတွင်းကာလ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် ပင်မရေမြောင်းကြီးငါးမြောင်းကိုစက်အင်အားများဖြင့် တူးဖော်ခြင်းနှင့် ဆယ်ယူခြင်းလုပ်ငန်းကို မေ ၁၉ ရက်က ဆောင်ရွက်စဉ်။ ရာမည (ပြန်/ဆက်)





သာစည်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ပူးပေါင်းအဖွဲ့က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှု အသိပညာပေး လက်ကမ်းစာစောင်များကို မေ ၁၉ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)



ညောင်တုန်းမြို့နယ်၌ မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေးကော်မတီနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့မှ တာဝန်ရှိသူများက ဈေးဆိုင်ခန်းများ၌ လုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် မေ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မြင်းခြံမြို့၌ ဌာနဆိုင်ရာများ ပူးပေါင်း၍ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ အသိပညာပေး လက်ကမ်းစာစောင်များကို မေ ၁၉ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ချစ်ဦးနွေ(မြင်းခြံ)



ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၁၉ ရက်က ပဲခူးမြို့ အထက(၁) ကျောင်းရှေ့နှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မြင့်ထွန်း၊ ဦးဆောင်မှုဖြင့် မုတ္တမနယ်မြေစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းညွန့်နှင့်တပ်ဖွဲ့ဝင်များက နတ်ကြီးချောင်စံပြကျေးရွာ စံပြဈေးနှင့် လူစည်ကားရာနေရာများတွင် မေ ၁၉ ရက်က မူခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မွန်မလေး(ပြန်/ဆက်)

## ပခုက္ကူမြို့၌ စားသုံးဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေး ရှင်းလင်းဆွေးနွေး

**ပခုက္ကူ မေ ၂၁**

ပခုက္ကူတိုင်းဒေသကြီးအတွင်း စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပခုက္ကူတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပရာ ပခုက္ကူတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်းက စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်များအတိုင်း သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေး ရှင်းလင်းပြောကြားခဲ့ပြီး ပခုက္ကူတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မှန်(၆)မှန်ဖြင့် ပြည်သူများထံသို့ ဖြန့်ဖြူး



ရောင်းချပေးရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## လွိုင်လင်မြို့နယ်၌ အသားနှင့် ဥကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**လွိုင်လင် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ အသားနှင့်ဥကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ထွန်းဇော်ဝင်းနှင့် ဝန်ထမ်းများက မေ ၁၉ ရက်တွင် လွိုင်လင် – ပင်လုံရှိ ကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းဆောင်ရွက်ပြီး ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ကာကွယ်ဆေး၊ အစာအာဟာရအတွက် အားဆေးများဖြန့်ဝေခြင်းနှင့် ဇီဝလုံခြုံရေးအတွက် ပိုးသတ်ဆေးများ အခမဲ့ထောက်ပံ့ပေးခြင်း၊ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး



## ထန်းတပင်မြို့နယ်၌ KG နှင့် Grade-1 သင်တန်းသင်ပြနည်းစနစ်ဆင့်ပွားသင်တန်းဖွင့် ကြည့်ရှုအားပေး



**ထန်းတပင် မေ ၂၁**

ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မေ ၁၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း (ထန်းတပင်)၌ KG နှင့်Grade – 1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဆင့်ပွားသင်တန်းတက်ရောက်နေသော ဆရာ ဆရာများအား တွေ့ဆုံအားစကားပြောကြားပြီး ကျောင်းဝင်းအတွင်း ပေ (၁၄၀x၃၀) နှစ်ထပ်ကျောင်းဆောင်သစ် အပြီးသတ်ဆောက်လုပ်နိုင်ရေးအတွက် အကြံပြုပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သံတောင်ကြီးမြို့၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း အသိပညာပေးသင်တန်းဖွင့်

**သံတောင်ကြီး မေ ၂၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း အသိပညာပေး သင်တန်းကို ယမန်နေ့နံနက်က သံတောင်ကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာဇင်မျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများနှင့် ကာကွယ်ရမည့်နည်းလမ်းများ ပို့ချခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်သည့် မွေးမြူရေးသမားများအား RETECH ခြံဖျန်းပိုးသတ်ဆေးရည်နှင့်ANTIVIRUS –FMB ခြံဖျန်းပိုးသတ်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နော်နော်မူ**

## ဒေးဒရဲမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေး

**ဒေးဒရဲ မေ ၂၁**

ဒေးဒရဲမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့် (ဆင့်ပွား) ဆွေးနွေးပွဲသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ အထက်တန်းကျောင်း၌ ဆက်လက်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် ဆွေးနွေးပွဲကို မေ ၁၄ ရက်မှ ၂၄ ရက်အထိ သင်တန်းနည်းပြ ဆရာ ဆရာမ ရှစ်ဦးက သင်ကြားပို့ချပေးလျက်ရှိရာ ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း



များမှ ဆရာ ဆရာမ စုစုပေါင်း ၂၁၆ ဦး တက်ရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## ဓနုဖြူမြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ပေးအပ်



**ဓနုဖြူ မေ ၂၁**

ဓနုဖြူမြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ–၇) များ ပြင်ဆင်ထုတ်ပေးပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများက ပြင်ဆင်ထုတ်ပေးသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ–၇) များအား တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စက်မှုလယ်ယာဦးစီးဌာန ဆည်ပေါက်စိုက်ပျိုးရေးခြံ၊ စာရင်းစစ်ဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနရုံးများကို မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထားမှုများကို မေ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ နေအောင်(ပြန်/ဆက်)

## တနင်္သာရီမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**တနင်္သာရီ မေ ၂၁**

တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့မရဲစခန်းနယ်ထိန်းအရာရှိ ဒုတိယရဲအုပ် အေးကိုကိုက ဒေသခံပြည်သူများ အနေဖြင့် တရားဥပဒေကို လေးစားလိုက်နာကြရန်၊ မူခင်းများ မဖြစ်ပွားစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ သံသယဖြစ်ဖွယ်လူများနှင့် အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန်နှင့် လူငယ်များအား မူးယစ်ဆေးဝါးနှင့် အကျင့်ပျက်မှုများမှ ကာကွယ်ထိန်းသိမ်းကြရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။



မြို့နယ်(ပြန်/ဆက်)



အိမ်မဲမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်ရာ မေ ၁၈ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအား မီးသတ်ဦးစီးအရာရှိက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို ရှင်းလင်းတင်ပြစဉ်။ ချစ်သက်လယ် (ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ချောင်းဆုံမြို့နယ်၌ အကြိမ် (၄၀)မြောက် ဗုဒ္ဓဘာသာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပ



**ချောင်းဆုံ မေ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကာ အကြိမ် (၄၀)မြောက် ဗုဒ္ဓဘာသာသာယဉ်ကျေးမှုစာမေးပွဲကို မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ ချောင်းဆုံအနောက်ရပ်ကွက် မင်းကျောင်းသာသနာ့ဗိမာန်၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မြန်မာဘာသာဖြင့် ၃၀၇ ဦး၊ မွန်ဘာသာဖြင့် ၁၄၃ ဦး စုစုပေါင်း ၄၅၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အတွက် ဈေးဆိုင်ခန်းများ စတင်ဖွင့်လှစ်

**ပခုက္ကူ မေ ၂၁**

ပခုက္ကူမြို့၌ ရေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏



နယုန်လဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၂၃ ရက်မှ ဇွန် ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယခုအခါ ဈေးဆိုင်ခန်းတချို့ စတင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆယ့်နှစ်ပွဲဈေးသည်များ၏ ဈေးဆိုင်ခန်းပေါင်း ၅၀၀ ကျော် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီဟိုဠ်ရှင်ကဇာတ်ရုံ၌ မေ ၂၄ ရက်မှ ၂၆ ရက်အထိ ထွန်းထွန်းဝင်းရုပ်စုံသဘင်၊ မေ ၂၈ ရက်မှ ၃၁ ရက်အထိ စမ်းရေမိုးဇာတ်အဖွဲ့နှင့် ဇွန် ၃ ရက်မှ ၇ ရက်အထိ ကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဇာတ်အလှသဘင်ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ရွှေကျင်မြို့နယ်၌ MSMEs ကဏ္ဍအတွက် ချေးငွေများ ထုတ်ပေး

**ရွှေကျင် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမတည်ထောက်ပံ့ငွေမှ MSMEs ကဏ္ဍအတွက် ချေးငွေများ ထုတ်ပေးပွဲကို မေ ၁၉ ရက်က ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းက MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လုပ်ငန်းရှင်နှစ်ဦး အတွက် စုစုပေါင်း ငွေကျပ်သိန်း ခြောက်ရာတို့ကို ချေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ညောင်တုန်းမြို့နယ်၌ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများဆောင်ရွက်

**ညောင်တုန်း မေ ၂၁**

မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၆၁ ဦး ပါဝင်သည့်အဖွဲ့သည် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ငှက်ပျောကျွန်း တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါ ၁၄၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၄၀၊ အကြောအဆစ်ရောဂါ ၄၇ ဦး၊ မျက်စိရောဂါ ၁၂၂ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၅၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ စိတ်ကျန်းမာရေး ခုနစ်ဦး၊ တီဗွီဓာတ်မှန်ရိုက်လူနာ ၇၁ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၆၆၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို မေ ၁၈ ရက်က ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

နွားထိုးကြီးမြို့နယ် အထက နွားထိုးကြီး၌ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ECCD မြို့နယ်အဆင့် သင်တန်းကို မေ ၁၄ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၆၄ ဦး တက်ရောက်သင်ကြားစဉ်။ တင့်လွင်ဦး




**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အင်းစိန်မြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ထွန်းလင်းကျော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မေ ၁၈ ရက်က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲ ကျင်းပရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)



မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အခွန်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးများသို့ မေ ၁၉ ရက်က မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး ပညာပေးခြင်းများ ဆောင်ရွက်စဉ်။ ဇော်မင်း(မလှိုင်)



## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၇၄၂၃ ဖြစ်ကြောင်းစားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော အခြေခံပညာမူလတန်းဆင့် (Grade 2 မှ Grade 5) နှင့် အလယ်တန်းဆင့် (Grade 6 မှ Grade 9) ကျောင်းသားများအတွက် Placement Test (အထူးအစီအစဉ်) ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် အခြေခံပညာကျောင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း သို့မဟုတ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ယူခဲ့ဖူးသူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် မိမိနောက်ဆုံးတက်ရောက်ခဲ့သည့်ကျောင်းမှ နောက်ဆုံးအောင်မြင်ခဲ့သည့် အတန်းအတွက် ကျောင်းထောက်ခံချက်(မူရင်း) သို့မဟုတ် မိတ္တူ(မှန်) ပူးတွဲတင်ပြရမည်။

၃။ ကျောင်းထောက်ခံချက်(မူရင်း) သို့မဟုတ် မိတ္တူ (မှန်) တင်ပြနိုင်ခြင်း မရှိပါက အရေးပေါ် အခြေအနေကြေညာထားသော မြို့နယ်အတွင်းရှိ ကျောင်းတွင် တက်ရောက်ခဲ့သည့် ကျောင်းသားဖြစ်ကြောင်း အထောက်အထား (အရေးပေါ်အခြေအနေကြေညာထားသော မြို့နယ်မှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်) ပူးတွဲတင်ပြရမည်။

၄။ လျှောက်ထားသူသည် မိမိအသက်အရွယ်အရ တက်ရောက်သင်ယူရမည့်အတန်း၏ တစ်ဆင့်နိမ့်အတန်း Placement Test ကို ဖြေဆိုရမည်။ [ဥပမာ-အသက်အရွယ်အရ Grade 9 တက်ရောက်ရမည့် ကျောင်းသားသည် Grade 8 ကို ဖြေဆိုရမည်။]

၅။ လျှောက်ထားသူသည် အသက်အရွယ်အရ တက်ရောက်ရမည့်အတန်းထက် အဆင့်နိမ့်အတန်းကို တက်ရောက်လိုပါကလည်း ၎င်းအတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဖြေဆိုရမည်။ (ဥပမာ-အသက်အရွယ်အရ Grade 9 တက်ရောက်ရမည့် ကျောင်းသားသည် မိမိဆန္ဒအရ Grade 7 ကိုသာ တက်ရောက်လိုပါက Grade 6 ကို ဖြေဆိုရမည်။)

၆။ လျှောက်ထားသူသည် Placement Test ကျရှုံးပါက မိမိဖြေဆိုသည့်အတန်းကိုသာ တက်ရောက်သင်ယူရမည်။

၇။ ဖြေဆိုလိုသောအတန်းနှင့် မွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။
[ကျောင်းသားသည် အသက်အရွယ်အရ ရောက်ရှိရမည့်အတန်းထက် အဆင့်နိမ့်အတန်းကို ဖြေဆိုလိုပါကလည်း လက်ခံရမည်။]

၈။ မွေးသက္ကရာဇ်အတွက် မွေးစာရင်း သို့မဟုတ် အသက်အတွက် ထောက်ခံချက် (အိမ်ထောင်စုစာရင်း) (မူရင်း)ပြ၍ မိတ္တူကို ပူးတွဲတင်ပြရမည်။

၉။ မွေးစာရင်း သို့မဟုတ် အသက်အတွက်ထောက်ခံချက် (အိမ်ထောင်စုစာရင်း)(မူရင်း) တင်ပြနိုင်ခြင်းမရှိပါက အိမ်ထောင်စုစာရင်းမိတ္တူ(မှန်) သို့မဟုတ် ကျောင်းသား၏ နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ အသက်ဖော်ပြထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက် ပူးတွဲတင်ပြရမည်။

၁၀။ Placement Test (အထူးအစီအစဉ်) ဖြေဆိုခွင့်လျှောက်လွှာများကို မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၂-၅-၂၀၂၆ ရက်နေ့မှစ၍ (ပိတ်ရက်မရှိ) အခမဲ့ထုတ်ယူပြီး ၅-၆-၂၀၂၆ ရက် (ရုံးချိန်)နောက်ဆုံးထား၍ မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်တင်သွင်းလျှောက်ထားရမည်။

၁၁။ Placement Test (အထူးအစီအစဉ်)ကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးအစီအစဉ်ဖြင့် သတ်မှတ်ထားသည့် စာစစ်ဌာနများတွင် ၁၅-၆-၂၀၂၆ ရက်မှ ၂၀-၆-၂၀၂၆ ရက်အတွင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာ ထုတ်ယူတင်သွင်းခဲ့သည့် မြို့နယ်ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်း၍ အစီအစဉ်အတိုင်း ဝင်ရောက်ဖြေဆိုရမည်။

၁၂။ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် သတ်မှတ်လျှောက်လွှာအတိုင်း ပြည့်စုံစွာ ဖြည့်စွက်ရမည်။ "ပြည့်စုံမှုမရှိသောလျှောက်လွှာများ"ဖြင့် လျှောက်ထားပါက လျှောက်ထားမှုအား "ပယ်ဖျက်" မည်ဖြစ်သည်။

၁၃။ လျှောက်လွှာအား သတ်မှတ်ရက်အတွင်း တင်ပြနိုင်မှုမရှိခြင်းနှင့် သတ်မှတ်နေရာတွင် ဖြေဆိုနိုင်ခြင်းမရှိပါက ဖြေဆိုသူစာရင်းမှ ပယ်ဖျက်ခြင်းကို လိုက်နာရမည်။

၁၄။ Placement Test (အထူးအစီအစဉ်) ဖြေဆိုသည့်ရက်များတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကျောင်းဝတ်စုံ(အဖြူ အစိမ်း)ကို ဝတ်ဆင်ရမည်။

၁၅။ လျှောက်ထားသူသည် အတန်းတက်ရောက်ခွင့်ရရှိပါက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌သာ တက်ရောက်ပညာသင်ယူရမည်။

**အခြေခံပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ခွဲတပ်ကြပ်ကြီး မျိုးမြင့်အောင် (ကိုယ်ပိုင်အမှတ် ၇၀၄၀၉၇) ၉/တကန(နိုင်)၁၉၂၄၄၄ (ဘ) ဦးအောင်ပန် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၁၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေး ၉/တကန(နိုင်)၁၉၀၂၇၀ (ဘ) ဦးမောင်ကိုမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွန်းချလန်မိတ္တူ၊ ခွဲတပ်ကြပ်ကြီးမျိုးမြင့်အောင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/34170, Shayan-110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မင်းဘူး)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ဇီးကုန်း(မြောက်) Grade 3 အောင်မှ ဦးခွန်ဟန်ထွန်းဦး ၁၄/ပသန(နိုင်)၀၀၆၃၂၀ ၏သမီး မနန်းလယမင်းသူအား မရှင်းသန့်လဝန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရက်ကွက်၊ ကွက်သစ်(၂) လမ်းနေ ဦးစိုင်းကိုကိုအောင် ၏ သမီး အ-ထ-က (ရွာထောင်)ကျောင်း Grade -2 တွင် ပညာသင်ကြားနေသော သွန်းရွှေရည်သာ အား မမေမြတ်သဒ္ဒါကို ဟု ပြောင်းလဲခေါ်ပါရန်

**မမေမြတ်သဒ္ဒါကို**

## ကန့်ကွက်နိုင်ပါသည်

ပြည်မြို့၊ နဝင်းရပ်ကွက်၊ ရွှေတောင်တန်းလမ်းရှိ ကွင်းအမှတ် ၄/နဝင်း ဦးပိုင်အမှတ် -၇၃၄ မြေအမျိုးအစား(မြို့မြေ) မြေချိန်ဧရိယာ(၀.၀၃၉) ဦးကုလားနှင့် ဒေါ်ဝိုင်း အမည်ရှိ ဘိုးဘွားပိုင်မြေနှင့်ပတ်သက်၍ မြေးဖြစ်သူ ဒေါ်စန္ဒာနွယ်(၇/ပမန(နိုင်)၀၄၆၃၈၈)က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ခံရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေ မောင်ကောင်းဝင်းကျော်(၇/ဇကန(နိုင်)၀၇၈၂၄၉)မှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းအရောင်းဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုမှုအထောက်အထား စာရွက်စာတမ်းမူရင်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးယဉ်မင်းထွန်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၄၂)**
**အမှတ်(၁၉၉)၊ အပိုင်း(၂)Aလမ်း၊ အောင်ဆန်းပြည်သာယာ၊ပြည်မြို့။ ၀၉-၄၂၃၆၇၅၉၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/83518, ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်ဇော်၇/ကဝန(နိုင်)၂၀၃၉၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၆၄၃)၊ ဦးပိုင်အမှတ် ၂၆-၄မူ/ ၃၅Bလမ်း၊ ၇၇x၇၈လမ်းကြားရှိ ဦးဝင်းမော်ဦး၊ ဦးခင်မောင်သော်၊ ဦးအောင်မျိုးသူတို့ အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးဝင်းမော်ဦးကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့် ကျန်ပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်စိုးစိုးခိုင် ၅/ကလတ(နိုင်)၀၀၅၅၁၄၊ ဦးခင်မောင်သော် ၉/မရတ(နိုင်)၀၅၇၆၂၅၊ ဦးအောင်မျိုးသူ ၉/မရတ(နိုင်)၀၅၇၆၂၇ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အလိမ္မာ စာမှာရှိ

## ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး၊ ကျိုင်းတုံ)မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) ရှမ်းပြည်နယ်(တောင်ကြီး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | လုပ်ငန်းသစ်(၁၄)ခု |
| (ခ) ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | လုပ်ငန်းသစ် (၇) ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို သက်ဆိုင်ရာဌာနများတွင် (၂၂-၅-၂၀၂၆) ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး (၄-၆-၂၀၂၆) ရက် ညနေ (၄) နာရီ နောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး၊ ကျိုင်းတုံ)(ဖုန်း-၀၈၁-၂၁၂၁၆၊ ၀၈၄-၂၁၀၇၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှု အောက်ရှိ မြို့နယ်/ မြို့စည်ပင်သာယာရေးအဖွဲ့များမှ ကျပ်သန်း(၂၀၀) အထက်လမ်း၊ တံတား၊ အဆောက်အဦ လုပ်ငန်း (၅)ရပ်အား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းများကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၂-၅-၂၀၂၆ ရက် (သောကြာနေ့) |
| (ခ) | **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၅-၆-၂၀၂၆ ရက် (သောကြာနေ့) (၁၆:၀၀) နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့် နေရာ** | - | ကချင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ မြစ်ကြီးနားမြို့၊ |

၃။ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုနိုင်ပြီး ရုံးဖုန်း- ၀၉-၈၉၆၄၀၀၉၉၁ သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြစ်ကြီးနားမြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အုန်းတော(၂)ရပ်ကွက်၊ အပိုင်း(၂)နေ ဦးဝင်းခိုင် ၏သား မောင်မင်းထက်ဝင်း ၈/တတက(နိုင်)၂၁၆၆၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၇၈ ၁၂၂ ၉၁၂**

## ပတ်စ်ပို့ပျောက်

နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာအုပ်စု ဟိုခိုမြောက်ရွာနေ (ဘ) ဦးစန်းမောင်၏သား၊ မောင်စိုးမင်းမြတ်(၈/အလန(နိုင်)၁၃၂၄၁၇) ၏ နိုင်ငံကူးလက်မှတ်၊ အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်စိုးမင်းမြတ်**
**Ph-09 760771978**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ် (၅) ခဲစင်း၊ စစ်-မန်းကားလမ်း၊ ရွှေရင်းရဲဘုရားမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်လင်းသော်၏ (SP ရရှိသူ ဦးကျော်ကျော်နိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးရန်လင်းထွန်းအောင် ၉/ညဥန(နိုင်)၁၁၃၆၂၆၊ ဒေါ်ခင်မိုးမိုးလှိုင် ၉/မနမ(နိုင်)၁၁၇၇၆၈ တို့က အမှုတွဲအမှတ်(၀၂၁၇/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/9844, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဝင်း ၇/အတန(နိုင်)၀၈၃၆၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/94229, ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၇/အတန (နိုင်) ၁၅၈၅၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ (က) | **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** | - | ၂၅-၅-၂၀၂၆ ရက်၊ (၀၉:၃၀) နာရီ |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** | - | ၅-၆-၂၀၂၆ ရက်၊ (၁၆:၃၀) နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်/အချိန်** | - | ၁၂-၆-၂၀၂၆ ရက်၊ (၁၆:၃၀) နာရီ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်ထောင်စုနယ်မြေ၊နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂၅-၅-၂၀၂၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၆၇၇၉၈၂၉၆၁၊ ၀၉-၇၈၂၀၀၀၃၃၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉

| | | |
|---|---|---|
| ဒေါ်လှသိန်း (တရားလို) | နှင့် | ဒေါ်ခင်သင်း (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ်- ၁၂၃၂/က နေ တရားပြိုင် ဒေါ်ခင်သင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၀၊ ဦးပိုင်အမှတ် ၃၃-ခ/၁၆x၁၇ လမ်းကြား၊ ၈၉x၉၀ လမ်းကြားရှိ ဒေါ်စန်းရီ အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဟန်၊ မိခင် ဒေါ်အုန်းစိန်၊ သမီး ဒေါ်စန်းရီ (အပျိုဘဝ)၊ သား ဦးမောင်မောင်တို့ကွယ်လွန်၍ ကျန်ရစ်သူ သမီး၊ ချွေးမတို့ဖြစ်ကြသော ဒေါ်စန်းတင် ၉/မနမ(နိုင်)၀၇၄၈၂၈၊ ဒေါ်လွင်လွင် ၉/မနမ(နိုင်)၀၇၄၉၆၄၊ ဒေါ်စန်းနု ၉/မနမ(နိုင်)၀၇၄၉၈၀ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြစ္စန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ နန်းထိုက်တော်ဝင်ကွန်ဒို၊ မြေတိုင်းရပ်ကွက်အမှတ်( ၂၇ အေ ၁ )၊ မြေကွက်အမှတ်(၃၄ ဒီ/၂ )၊ ရှမ်းရိပ်သာလမ်း၊ အမှတ်(၂၉) ဟုခေါ်တွင်သည့် တစ်ထပ်လျှင် အခန်း(၄) ခန်းစီပါဝင်သည့် (၆) ထပ်တိုက်အဆောက်အဦး၏ ( ၄ ) လွှာ ၊ အရှေ့ဘက်ခြမ်း၏ ခြေရင်းခန်း၊ အခန်းအမှတ် (ယခု အခေါ်-၄၀၂)( ယခင် အခေါ်-၄၀၁ )၊ အကျယ်အဝန်း(၁၇၄၈) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း နှင့်ပက်သက်သည့် အကျိုးခံစားခွင့်အားလုံးပါ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းလွင် (၆/ထဝန(နိုင်) ၀၂၆၂၄၂ ) နှင့် ဒေါ်ဇင်လေးဝင်း (၁၂/အလန(နိုင်)၀၁၉၀၄၃) တို့သည် အထက်ပါ တိုက်ခန်းအား မူလပိုင်ရှင် ဒေါ်နန်းစီဖောင်း(၁၃/ကတန(နိုင်)၀၀၀၂၇၂) ထံမှ (၂၂-၁၂-၂၀၂၃) ရက်စွဲပါ တိုက်ခန်း အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ တန်ဖိုးငွေ အပြေအကြေ ပေးချေ ကာ လက်ရောက်ဝယ်ယူနေထိုင်လျှက် ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းကသာ ဥပဒေနှင့်အညီ လက်ဝယ်ပိုင်ဆိုင်နေထိုင်လျှက်ရှိ သည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ စာချုပ်စာတမ်း တစ်စုံတစ်ရာကို အာမခံထားခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိ ဥပဒေအရ ခိုင်လုံမှုမရှိကြောင်း၊ တိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်များ လက်ရှိထားပိုင်ဆိုင်ခွင့်များနှင့် စီမံခန့်ခွဲပိုင်ခွင့်အားလုံးသည် ကျွန်ုပ်မိတ်ဆွေထံတွင်သာ အပြည့်အဝရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဇင်စိုး ( ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ ( စဉ်- ၁၀၁၀၇ )**
**အမှတ် ( ၁၇၆ ) ၊ ဗန္ဓုလလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၀၉၇၉၇၁၃၃၃၀၀**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အစိုးရ နည်းပညာအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အထက(၂)မိုးညှင်း | | |
| ၂။ | ကရင်ပြည်နယ် | (၂) | အထက(၂)ကော့ကရိတ် | (၃) | အထက(၂)မြဝတီ |
| ၃။ | ချင်းပြည်နယ် | (၄) | အထက(၂)ဟားခါး | (၅) | အထက(၁)တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၆) | အထက(၁)ရွှေဘို | (၈) | အထက(၁)ကလေး |
| | | (၇) | အထက-အုန်းတော | | |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၉) | အထက-အောက်လိပ် | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အထက-အုန်းနဲ့ | (၁၂) | အထက-အေးမြသာယာ |
| | | (၁၁) | အထက-ပဲနွယ်ကုန်း | (၁၃) | အထက-သဲကုန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၄) | အထက-စကု | (၁၆) | အထက(၁)သရက် |
| | | (၁၅) | အထက-ပြလို့ | (၁၇) | အထက-ငွေးချို |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၈) | အထက(၁)ပျော်ဘွယ် | (၂၁) | အထက-တံတားဦး |
| | | (၁၉) | အထက-လက်ပံပြား | (၂၂) | အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| | | (၂၀) | အထက-ပလစ(၂)(အမရပူရ) | | |
| ၉။ | မွန်ပြည်နယ် | (၂၃) | အထက-ဟံဂံ | (၂၅) | အထက(၂)ကျိုက်ထို |
| | | (၂၄) | အထက(၁)သထုံ | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၂၆) | အထက(၃)ကျောက်ဖြူ | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၇) | အထက-စိုက်မွေး | (၃၂) | အထက-သုဝဏ္ဏ |
| | | (၂၈) | အထက-ညောင်နှစ်ပင် | (၃၃) | အထက(၂)သာကေတ |
| | | (၂၉) | အထက-ငါးဆူတောင် | (၃၄) | အထက-ဖားကူး(သန်လျင်) |
| | | (၃၀) | အထက-တိုက်ကြီး | (၃၅) | အထက(၆)မြောက်ဥက္ကလာ |
| | | (၃၁) | အထက(၄)မင်္ဂလာဒုံ | | |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၃၆) | အထက(ခွဲ)လေတပ် (နမ့်စန်-တ) | (၃၈) | အထက(၇)အင်းခေါင်း |
| | | (၃၇) | အထက-ဝမ်ဟတ် | (၃၉) | အထက-မိုင်းနောင် |
| ၁၃။ | ရှမ်းပြည်နယ်(မြောက်) | (၄၀) | အထက(၁)လားရှိုး | (၄၁) | အထက(၃)ကျောက်မဲ |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | (၄၂) | အထက-တပ်တွင်း (မိုင်းယောင်း) | (၄၄) | အထက-နားကောင်းမူး(မိုင်းတုံ) |
| | | (၄၃) | အထက(ခွဲ)(မိုင်းဆတ်) | (၄၅) | အထက-မိုင်းကိုး |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | (၄၆) | အထက(၁)ဒေးဒရဲ | (၄၉) | အထက(၂)ကျုံပျော် |
| | | (၄၇) | အထက-စကြော့ | (၅၀) | အထက-ဂုန်နီ |
| | | (၄၈) | အထက-ချင်းမြောင် | (၅၁) | အထက(၃)မိုင်(လပွတ္တာ) |
| ၁၆။ | နေပြည်တော် | (၅၂) | အထက(၂၀)ပုဗ္ဗသီရိ | (၅၄) | အထက-MRTV(တပ်ကုန်း) |
| | | (၅၃) | အထက-ပျံချီ | | |
| ၁၇။ | ကိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | | | |
| | ပအိုဝ့် | (၅၅) | အထက(ခွဲ)ပေါင်လင်း | | |
| | ဓနု | (၅၆) | အထက-ကျုံး | | |
| | နာဂ | (၅၇) | အထက-နန်းယွန်း | | |

**အစိုးရနည်းပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အစိုးရနည်းပညာအထက် တန်းကျောင်း(မြစ်ကြီးနား) | (၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) |
| ၂။ | ကယားပြည်နယ် | (၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | | |
| ၃။ | ကရင်ပြည်နယ် | (၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | (၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) | (၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) |
| | | (၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | (၁၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၂) | အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | (၁၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | (၁၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) |
| | | (၁၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) | (၁၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၉။ | မွန်ပြည်နယ် | (၁၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | | |
| ၁၀။ | ရခိုင်ပြည်နယ် | (၁၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၀) | အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) | (၂၁) | အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၂၂) | အစိုးရနည်းပညာအထက် တန်းကျောင်း(တောင်ကြီး) | (၂၄) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| | | (၂၃) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) | | |
| ၁၃။ | ရှမ်းပြည်နယ်(ရှေ့) | (၂၅) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | (၂၆) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | (၂၇) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ) |
| ၁၅။ | နေပြည်တော် | (၂၈) | အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | | |
| ၁၆။ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | (၂၉) | အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | | |

အောက်ဖော်ပြပါ သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဂ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဃ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ် သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်း ကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ခရိုင်တူ အစိုးရနည်းပညာအထက် တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း (Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၁-၅-၂၀၂၆ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၂၆ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်
## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အောက်ဖော်ပြပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတို့တွင် သင်တန်းသားသစ်များ လျှောက်ထားနိုင်ပါသည် -

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | | | |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) | အထက(၂) မိုးညှင်း | (၃) | အထက-ဒုတ္တန် |
| | | (၂) | အထက(၁)ဝိုင်းမော် | | |
| ၂။ | ကယားပြည်နယ် | (၄) | အထက-ချီကယ် | | |
| ၃။ | ကရင်ပြည်နယ် | (၅) | အထက-ဒုံရင်း | (၇) | အထက(၂)မြဝတီ |
| | | (၆) | အထက(၂)ကော့ကရိတ် | | |
| ၄။ | ချင်းပြည်နယ် | (၈) | အထက(၂) ဟားခါး | (၉) | အထက(၁)တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၀) | အထက (၁)ရွှေဘို | (၁၂) | အထက-အုန်းတော |
| | | (၁၁) | အထက (၂) အလုံ | (၁၃) | အထက(၁)၊ကလေး |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | (၁၄) | အထက(၄)ထားဝယ် | (၁၆) | အထက(၂)ကော့သောင်း |
| | | (၁၅) | အထက-သမုတ် | (၁၇) | အထက-အောက်လိပ် |
| ၇။ | ပဲခူးတိုင်းဒေသကြီး | (၁၈) | အထက-အုန်းနဲ့ | (၂၁) | အထက-အေးမြသာယာ |
| | | (၁၉) | အထက-ညောင်ခြေထောက် | (၂၂) | အထက-ရွှေတောင် |
| | | (၂၀) | အထက-ပဲနွယ်ကုန်း | (၂၃) | အထက-သဲကုန်း |
| ၈။ | မကွေးတိုင်းဒေသကြီး | (၂၄) | အထက-စကု | (၂၇) | အထက(၁)သရက် |
| | | (၂၅) | အထက-ပြလို့ | (၂၈) | အထက-ငွေးချို |
| | | (၂၆) | အထက-မြေပြင်သာ | (၂၉) | အထက(၃) ပခုက္ကူ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | (၃၀) | အထက(၁)ပျော်ဘွယ် | (၃၅) | အထက-ပလစ(၂)(အမရပူရ) |
| | | (၃၁) | အထက(၆) မိတ္ထီလာ | (၃၆) | အထက-တံတားဦး |
| | | (၃၂) | အထက-လက်ပံပြား | (၃၇) | အထက(၃)မြင်းခြံ |
| | | (၃၃) | အထက-မြစ်သား | (၃၈) | အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၃၄) | အထက(၂၇) ပြည်ကြီးတံခွန် | | |
| ၁၀။ | မွန်ပြည်နယ် | (၃၉) | အထက-ဟံဂံ | (၄၁) | အထက(၂) ကျိုက်ထို |
| | | (၄၀) | အထက(၁)သထုံ | (၄၂) | အထက-ရွာလွတ်(ချောင်းဆုံ) |
| ၁၁။ | ရခိုင်ပြည်နယ် | (၄၃) | အထက(၁)စစ်တွေ | (၄၄) | အထက(၃)ကျောက်ဖြူ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | (၄၅) | အထက-စိုက်မွေး(တောင်ဒဂုံ) | (၅၁) | အထက(၄) မင်္ဂလာဒုံ |
| | | (၄၆) | အထက-သဝန်းတော | (၅၂) | အထက-သုဝဏ္ဏ |
| | | (၄၇) | အထက-ညောင်နှစ်ပင် | (၅၃) | အထက(၂) သာကေတ |
| | | (၄၈) | အထက-ငါးဆူတောင် | (၅၄) | အထက-ဖားကူး (သန်လျင်) |
| | | (၄၉) | အထက(၇) အင်းစိန် | (၅၅) | အထက(၆)မြောက်ဥက္ကလာ |
| | | (၅၀) | အထက-တိုက်ကြီး | | |
| ၁၃။ | ရှမ်းပြည်နယ်(တောင်) | (၅၆) | အထက(၁)အေးသာယာ | (၅၉) | အထက(၇) အင်းခေါင်း |
| | | (၅၇) | အထက(ခွဲ)လေတပ် (နမ့်စန်-တ) | (၆၀) | အထက(၁)ပင်လုံ |
| | | (၅၈) | အထက-ဝမ်ဟတ် | (၆၁) | အထက-မိုင်းနောင် |
| ၁၄။ | ရှမ်းပြည်နယ်(မြောက်) | (၆၂) | အထက(၁)လားရှိုး | (၆၃) | အထက(၃)ကျောက်မဲ |
| ၁၅။ | ရှမ်းပြည်နယ်(ရှေ့) | (၆၄) | အထက-ဝမ်အွယ် | (၆၇) | အထက-နားကောင်းမူး (မိုင်းတုံ) |
| | | (၆၅) | အထက-တပ်တွင်း (မိုင်းယောင်း) | (၆၈) | အထက-မိုင်းကိုး |
| | | (၆၆) | အထက(ခွဲ)(မိုင်းဆတ်) | | |
| ၁၆။ | ဧရာဝတီတိုင်းဒေသကြီး | (၆၉) | အထက(၁)ဒေးဒရဲ | (၇၃) | အထက(၂)ကျုံပျော် |
| | | (၇၀) | အထက-စကြော့ | (၇၄) | အထက-နတ်မော် (ဟင်္သာတ) |
| | | (၇၁) | အထက-ကန်ကြီးထောင့် | (၇၅) | အထက-ဂုန်နီ |
| | | (၇၂) | အထက-ချင်းမြောင် | (၇၆) | အထက (၃)မိုင် (လပွတ္တာ) |
| ၁၇။ | နေပြည်တော် | (၇၇) | အထက(၂၀)ပုဗ္ဗသီရိ | (၇၉) | အထက-ပျံချီ |
| | | (၇၈) | အထက(၁) ပျဉ်းမနား | (၈၀) | အထက-MRTV(တပ်ကုန်း) |
| ၁၈။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | | | |
| | ပအိုဝ့် | (၈၁) | အထက(ခွဲ) ပေါင်လင်း | | |
| | ဓနု | (၈၂) | အထက-ကျုံး | | |
| | နာဂ | (၈၃) | အထက-နန်းယွန်း | (၈၄) | အထက-လဟယ် |

၂။ လျှောက်ထားသူသည်

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏လက်တွေ့လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်၊

(ခ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်၊

(ဂ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်၊

(ဃ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် စာပိုဒ် ၂၊ (ခ)၊(ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ် မူတည်၍ ဦးစားပေး ရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ/ အစိုးရ စက်မှုလက်မှုသိပ္ပံ(Farm Machinery) ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါကရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ငါးလုပ်ငန်း သိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များ ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးပါမည် -

(က) စိုက်ပျိုးရေးသင်တန်း၊

(ခ) မွေးမြူရေးသင်တန်း။

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ၂၀-၅-၂၀၂၆ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၆ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်း များသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်း လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၄၁၀၂၉၆ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေး ဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ၊ မြိတ်ခရိုင်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(Lot – 1) နှစ်ရှည်ပင်များသုတေသန နှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မြိတ်) တွင် ပင်မရုံး (၁၀၂'x၄၆') (အမိုး၊ နံရံ ၊ တံခါး၊ ပြတင်း) ပြုပြင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား (၂၅-၅-၂၀၂၆) ရက်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၇-၆-၂၀၂၆) ရက် (၁၆:၀၀) နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ထားဝယ်မြို့ ၊ ဖုန်း ၀၉-၄၄၄၄၂၅၄၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မှတ်ချက်** ။ တင်ဒါဖွင့်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့**

---

## ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု / ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁ / ၂၀၂၆)

၁။ ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/ တံတားတည်ဆောက်ရေးလုပ်ငန်း (၃၈)ခုအတွက် တည်ဆောက်ခြင်းလုပ်ငန်းတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း(ပစ္စည်းတင်ဒါ)အား မြန်မာငွေကျပ်ဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ အနေဖြင့် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၂၆ရက် (ကြာသပတေးနေ့)

( ခ ) **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၂ - ၆ - ၂၀၂၆ရက် (အင်္ဂါနေ့)

( ဂ ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/ အချိန်** - ၅ - ၆ -၂၀၂၆ရက် (သောကြာနေ့) (၀၉:၃၀)မှ (၁၆:၀၀) နာရီအတွင်း

(ဃ) **Pre Bid Meeting** - ၃-၆-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)

( င ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန

